# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၈)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။ စေးနှဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မမှန်မကန်ပြောဆိုသူကို မှန်ကန်ခြင်းဖြင့် အောင်ရာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာသန့်ဇော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာတို့၏နောက်ခံသမိုင်း၊ **စာမျက်နှာ ၁၅ ကော်လံ ၁ ➢**



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတွင် ကလေးငယ်များပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။


**ပလတ်စတစ် လျှော့ချသုံးစွဲရေးနှင့် ရေရှည်တည်တံ့သော လူမှုပတ်ဝန်းကျင် တည်ဆောက်ရေး**

စာ - ၁၂ သို့



**ရော်ဘာပျိုးခင်း၏ အရေးပါမှုနှင့် ပျိုးပင်ထုတ်လုပ်နည်း အကြောင်းသိကောင်းစရာ**

စာ - ၂၅ သို့




### မိုးကြီးမည့်သတိပေးချက်

**မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်**

နေပြည်တော် ဇူလိုင် ၁၄

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင်လ ၂၀ ရက်အတွင်း နေပြည်တော်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ ➢**

### လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ကမ်းခြေတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

### ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ထုတ်ရောင်းချသူများ လိုက်နာရန် သတိပေးထုတ်ပြန်ခြင်း

အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားစပ်မျိုးဝါ စိုက်ပျိုးသူတောင်သူများအတွက် စပ်မျိုးဝါမျိုးစေ့များရောင်းချရာတွင် စပ်မျိုး F1 အဆင့် မျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ၎င်းစပ်မျိုး F1 ကို စိုက်ပျိုး၍ရရှိလာသော F2 အဆင့်မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညွှန်ကြားချက်ကို ဝါမျိုးစေ့ထုတ်ရောင်းချသူများသိရှိပြီးဖြစ်ပါသည်။ ထို့အတူ ၎င်းစပ်မျိုးဝါ F2 မျိုးစေ့များကို တောင်သူများက အသုံးပြုထပ်မံစိုက်ပျိုးခြင်းမပြုရန် ဝါစိုက်တောင်သူများအား အသိပညာပေးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

၎င်းအပြင် စပ်မျိုးဝါ F2 မျိုးများကို အသုံးပြုစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှုမရှိသည်ကို သိရှိထားပြီး မျိုးစေ့ဥပဒေ(၂၀၁၅)တွင်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မျိုးစေ့များရောင်းချခြင်းမပြုရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဝါမျိုးစေ့ထုတ်ရောင်းချသူများနှင့် ဝါစိုက်တောင်သူများသည် စပ်မျိုးဝါ F2 မျိုးစေ့များအား ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုစိုက်ပျိုးခြင်းမပြုပါရန် သတိပေးထုတ်ပြန်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အငွမနေ့ကျင်းပ**

စာ - ၇ သို့

**ပွင့်ဖြူမြို့နယ်၌ သီးနှံစုံက ၅၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး**

စာ - ၂ သို့

### လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့်ဓာတ်အားပျောက်ဆုံးမှု (ဓာတ်အားခိုးယူသုံးစွဲမှု)များ လျှော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင် **စာမျက်နှာ ၁၃ ကော်လံ ၁ ❑**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်)

# ကောင်းမြတ်သည့်သမိုင်းကြောင်းနှင့် သာယာလှပသောပြင်ဦးလွင်

ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်းအစဉ်အလာအရ ထင်ရှားသည့်တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ခေါ်ဆိုခဲ့ကြသည်။ မြို့၏ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းပြီး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခေတ်စနစ်များဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူတို့၏နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလျက်ရှိသည်။ ပြင်ဦးလွင်မြို့သည် ထူးခြားသည့်ရေခံမြေခံနှင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၀ ရက်က ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးဆွေးနွေးပြောကြားစဉ် **“မြို့သာယာလှပရေးနှင့်ပတ်သက်၍ သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်မှုကို ဖန်တီးပေးသွားရန်လိုကြောင်း၊ နေအိမ်တစ်အိမ်ချင်းစီအလိုက်၊ လမ်းတစ်လမ်းချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ တစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျရှိခြင်း၊ သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ သန့်ရှင်းရေးစနစ်တကျဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို မြို့နေလူထုကတစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် မြို့၏ကောင်းမြတ်သည့် ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့်လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူများပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာကျဆင်းလျက်ရှိသည်။ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည်အသက်သွင်းနိုင်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိသည်။ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကိုဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မီပင်၊ စိန်ပန်းပြာပင်များကိုလည်း တစ်အုပ်တစ်မ ပြန်လည်စိုက်ပျိုးရမည်ဖြစ်သည်။ ဒေသ၏ ထူးခြားသည့်ဝိသေသများဖြစ်သည့် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဆိုသည့်အမည်နာမကို ပြန်လည်အသက်သွင်းအကောင်အထည်ဖော်ပေးရမည်ဖြစ်သည်။

စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသည့်ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိသည်။ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်သည်။ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပြင်ဦးလွင်နှင့်ချယ်ရီပင်များသည် ခွဲခြား၍မရသည့် အစဉ်အလာကောင်းများရှိခဲ့သည့်အတွက် ချယ်ရီပင်များကိုပြန်လည်စိုက်ပျိုးစေခြင်းအားဖြင့် သာယာလှပမှုနှင့်စိမ်းလန်းစိုပြည်မှုကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်သည်။ စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Land Mark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင်နေထိုင်သူများအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြင်ဦးလွင်ဒေသ၏အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့လာရောက်နေထိုင်ကြသူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်သည်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။ ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ မူလလက်ရာများမပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများနှင့်ပြည့်စုံပြီး ပညာရေးမြို့တော်အဖြစ်သို့ရောက်ရှိနေပြီဖြစ်သည်။ ဒေသ၏ကောင်းမြတ်သည့်ဝိသေသများနှင့်သာယာလှပမှုများကြောင့် လာရောက်လည်ပတ်သည့်ခရီးသွားများတိုးတက်များပြားလာလျက်ရှိသည်။ **အိမ်သာ၍ ညွှဲ့လာသည်** ဖြစ်၍ ပြင်ဦးလွင်ဒေသတွင်နေထိုင်ကြသူများအနေဖြင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပွင့်ဖြူမြို့နယ်၌ သီးနှံစုံဧက ၅၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၅၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံစိုက်ဧက ၁၄၀၃၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးသီးနှံများစိုက်ပျိုးခြင်းကို မေလမှစတင်စိုက်ပျိုးခဲ့ရာ ဇူလိုင်လ ၁၃ ရက်တွင် ဖူးစားပြောင်း ၂၂၅၁ ဧက၊ နှံစားပြောင်း ၅၂ ဧက၊ ပဲမျိုးစုံသီးနှံ ဧက ၁၃၄၂၀၊ ဆီထွက်သီးနှံစုံ ၂၈၅၅၆ ဧက၊ ချည်မျှင်ရှည်ဝါ ၁၃၉၆ ဧက၊ ကြံ ၈ ဧက၊ ထန်း ၂၂၂ ဧက၊ ငရုတ်စိုက်ဧက ၂၁၀၊ ကွမ်း ၅၂ ဧက၊ အခြားစားသုံးသီးပင်ဧက ၃၉၃၀၊ ပရဆေး(လျှော်ဖြူ) ၂၅၇ ဧက၊ ကွဲနွားစာ ၃၆၇၇ ဧက၊ စားသုံးခြင်းမပြု သီးနှံ ၆၃၅ ဧက၊ အစေ့ကျားကြက်ဆူ ၄၈ ဧက၊ အထွေထွေစားသုံးသီးနှံ ၇၈ ဧက စုစုပေါင်း သီးနှံစုံ ၅၄၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“သီးနှံအလိုက် လျာထားချက်ဧကတွေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေပူးပေါင်းဆောင်ရွက်နေပါတယ်၊ တချို့သီးနှံတွေကို လျာထားချက်ဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးတာတွေလည်းရှိပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ကျန်တဲ့သီးနှံတွေကိုလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးပြီးတဲ့သီးနှံတွေကိုလည်း အထွက်နှုန်းတိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိဖို့ ပိုးမွှားရောဂါကင်းရှင်းရေး၊ မြေဩဇာနဲ့သွင်းအားစုတွေ မှန်မှန်ကန်ကန်သုံးစွဲနိုင်အောင်ကြီးကြပ်ဆောင်ရွက်နေပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စပါးသီးနှံအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာကောင်းမွန်အောင်ပြုပြင်ရေး၊ မျိုးရွေးချယ်မှုမှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်နည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တောင်သူများအနေဖြင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများကိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

Online Newspaper

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုအခါ မောင်ဘချိုသည် မြေကိုခြေဖြင့်ဆောင့်လျက် "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်ကိုက အင်မတန်ကြောက်တတ်တဲ့အကောင်ပါ၊ အဲဒါနဲ့ ကျွန်တော်ပြေးသွားတော့ လမ်းမှာထွန်းဖေနဲ့ တွေ့ပြန်ရော၊ ဒီတော့ ကျွန်တော်က ထွန်းဖေဟာ သေနတ်သံကြားကြားချင်း ကျွန်တော့် အရင်ပြေးသွားတဲ့အကောင်ပဲ၊ ဒီတော့ ဘထွန်းကို သူမြင်လိုက်စရာ ရှိတယ်လို့ အောက်မေ့ပြီး..."

"ဟို အကောင်ကို မမြင်လိုက်ဘူးလားဟေ့"လို့ မေးတော့-

"ဘယ်ကကောင်လဲ" တဲ့။

"အေးမြင့်ပိုးနေတဲ့ ဘထွန်းလေ" ဆိုတော့-

"အေးမြင့်ပိုးတာဖြင့် မင်းတစ်ယောက်ရှိတာပဲ၊ ဘယ်က ဘထွန်းလဲ ငါမသိပါဘူးတဲ့"

"မင်း သေနတ်သံမကြားဘူးလား" ဆိုတော့ "ကြားတယ်" တဲ့။

"ဒါဖြင့် သေနတ်သံကြားတုန်းက အိမ်ဆီကို မင်းပြေးသွားတယ် မဟုတ်လား" ဆိုတော့ "ဘယ်အိမ်ဆီကိုလဲတဲ့၊ ဒါနဲ့ သူမသိပါဘူးလေ လို့အောက်မေ့ပြီး ကျွန်တော်လည်း ထွက်ပြေးရော..."

"တစ်မှားပေါ်တစ်မှားဆင့်ပြန်တာပဲကွဲ့"

"မှားပါတယ်၊ မှားပါတယ်၊ ကျွန်တော်တော့ မှားလို့ဆုံးနိုင်မယ့်အကောင် မဟုတ်ပါဘူး၊ ကျွန်တော်လုပ်သမျှဖြင့် အမှားချည်းပါပဲ၊ တစ်ခါတလေ ခြေချော်လက်ချော်များမှ မှန်တယ်လို့မရှိပါဘူး"

"ဒါနဲ့ အဲဒီညပဲ တစ်ခါတည်း ထွက်ပြေးကောလား"

"ထွက်မပြေးသေးဘူး၊ ကျွန်တော် အသာရှောင်နေပြီး အဝေးက သတင်းနားထောင်နေတော့ တရားသူကြီးက ကျွန်တော်ပဲသတ်တယ်လို့ စီရင်ချက်ချလိုက်တယ်လို့ကြားရော ကျွန်တော်လည်းထွက်ပြေးရော"ဟု မောင်ဘချိုသည် တည်ကြည်စွာပြောလေ၏။ ထိုအခါ မောင်ထွန်းမြတ် သည် မောင်ဘချို၏မျက်နှာကို စေ့စေ့ကြည့်လျက်-

"မင်း တကယ်မသတ်ရင် ဘာပြုလို့ထွက်ပြေးရသလဲ၊ ဦးဘသာကို မင်းမသတ်၊ ဘထွန်းဆိုတဲ့အကောင် သတ်တယ်လို့ပြောပါတော့လား"

"မပြောပါနဲ့တော့ ကိုထွန်းမြတ်ရယ်၊ ကျွန်တော်မိုက်လို့ မပြောမိတာ ပေါ့၊ သေတောင် မြေကြီးအောက်တွင်းတူးပြီး မိုက်ဦးမယ့်အကောင်ပါပဲ၊ ကိုထွန်းမြတ်လည်း ကျွန်တော်ပြောတာမယုံဘူးပေါ့လေ၊ ဒါကြောင့် ကျွန်တော်အစကပြောသားပဲ၊ သို့သော် ကိုထွန်းမြတ်ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ ကျွန်တော် ယခုပြောတာ အမှန်အတိုင်းကျွန်တော် ပြောတာပဲ၊ ကျွန်တော့်မေမေကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုထွန်း မြတ်လည်း သိတယ်မဟုတ်လား၊ ဒီတော့ မဟုတ်မမှန်တာပြောခဲ့ရင် မေမေ့မျက်နှာ ဒီတစ်သက်မှာမတွေ့ရတဲ့အပြင် ဘဝဆက်တိုင်းဆက်တိုင်း မေမေ့ကျိန်စာသင့်ပြီး အဝီစိကမတက်ဘဲရှိရပါစေရဲ့ဗျာ"ဟု ငိုသံပါနှင့် ကျိန်ဆိုလေလျှင် မောင်ထွန်းမြတ်လည်း ဘာမျှပြန်မပြောဘဲ စဉ်းစားနေ ပြီးနောက် -

"ဘထွန်းကို မင်းနောက်တွေ့သေးသလား"ဟု မေးလိုက်လေ၏။

ထိုအခါ ဘချိုက "ဒီအကောင်ကို ကျွန်တော်တွေ့အောင်ရှာနေတာပဲ၊ မတွေ့သေးဘူး"ဟု ပြန်ပြောလေ၏။

**"အိမ်သို့ရောက်လျှင် ဝန်ထောက်ကြီးအား ဥပဒေ စာအုပ်တို့မှထုတ်နုတ်၍ လိုရင်းအချက် သုံးလေးခုကို စကားရှည်ရှည်ဆွဲ၍ပြောပြီးလျှင် တစ်နာရီခန့်ကြာအောင် ဆွဲ၍ ထားလေ၏။**

**မောင်ဘချိုတို့သားအမိနှစ်ယောက်လည်း မျက်ရည် စက်လက်နှင့် ၁၅ မိနစ်ခန့်မျှ စကားပြောကြပြီးလျှင် မောင်ဘချိုသည် ငွေ ၁၀၀ ကျပ်ကို အိတ်တွင်ထည့်၍ မိခင်ကို ဦးသုံးကြိမ်ချပြီး နှမမိမိရီကိုလည်း နှုတ်ဆက်၍ အိမ်ပေါ်မှ ဖြည်းညင်းစွာဆင်းသွားရှာလေ၏. . ."**

"သူ့ရုပ်လက္ခဏာ ပြောစမ်းပါဦး"

"သူ့ပုံပန်းကတော့ အောက်ပြည်သားပဲ၊ အဝတ်အစားလည်း အစဉ် မပြတ်ကောင်းကောင်းဝတ်ပြီး ခေါင်းပေါင်းစလည်း ရှည်ရှည်ချတတ် တယ်၊ စိန်ကြယ်သီးနဲ့၊ စိန်နာရီကြိုးနဲ့၊ လက်မှာလည်း အင်မတန်ကြီးတဲ့ စိန်လက်စွပ်ကြီးဝတ်တတ်တယ်၊ အသားကဖြူဖြူ ဆံပင်ကောင်းကောင်း၊ လူကလည်းချော၊ ဝတ်ပုံစားပုံကလည်း အင်မတန်အချိုးအစားကျပြီး စခန်းလည်း အင်မတန်ကြီးတဲ့အကောင်ပဲ"

"ဒီပြင်ကော သူ့အကြောင်း ဘာများသိသေးသလဲ"

"ဒီပြင်တော့ ကျွန်တော်မသိပါဘူး၊ အေးမြင့်ပြောပုံတော့ ဒီအကောင် ပိုက်ဆံအတော်ချမ်းသာတဲ့လက္ခဏာပဲ"

"ကဲ..ကဲ ဒီပြင်ပြောစရာမရှိရင် မင့်မေမေနဲ့သွားပြီးစကားပြောချေဦး၊ ငါလည်း မင့်အဖေ ရုတ်တရက်ပြန်မလာရအောင်သွားပြီး စကားပြောချေ ဦးမယ်" ဟုပြောကာ မောင်ထွန်းမြတ်သည် မောင်ဘချိုကို မိခင်ရှိရာသို့ ပို့ခဲ့ပြီးလျှင် လမ်းတွင် မောင်ဘချို၏အကြောင်းကိုစဉ်းစားလျက် အိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ရောက်လျှင် ဝန်ထောက်ကြီးအား ဥပဒေစာအုပ်တို့မှ ထုတ်နုတ် ၍ လိုရင်းအချက် သုံးလေးခုကို စကားရှည်ရှည်ဆွဲ၍ပြောပြီးလျှင် တစ်နာရီခန့်ကြာအောင်ဆွဲ၍ ထားလေ၏။

မောင်ဘချိုတို့ သားအမိနှစ်ယောက်လည်း မျက်ရည်စက်လက်နှင့် ၁၅ မိနစ်ခန့်မျှ စကားပြောကြပြီးလျှင် မောင်ဘချိုသည် ငွေ ၁၀၀ ကျပ် ကို အိတ်တွင်ထည့်၍ မိခင်ကို ဦးသုံးကြိမ်ချပြီး နှမမိမိရီကိုလည်း နှုတ် ဆက်၍ အိမ်ပေါ်မှ ဖြည်းညင်းစွာဆင်းသွားရှာလေ၏။

■ ■ ■ ■ ■

**အခန်း (၅)**

ဝါဆိုလပြည့်နေ့နံနက်၌ မဂျမ်းပုံသည် အိပ်ရာမှစောစောထ၍ တစ် အိမ်လုံးသုတ်သင်ရှင်းလင်းလျက် အိမ်ထောင်ပစ္စည်းတို့ကို နေရာတကျ ပြင်ဆင်ပြီးလျှင် အစေခံတို့ကိုလည်း မြည်တွန်တောက်တီးလျက်နေ လေ၏။ မဂျမ်းပုံမှာ အဖိုးထိုက်တန်၍ သစ်လွင်သောအဝတ်တို့ကို ဝတ် ဆင်ရန် ဝါသနာမရှိသော်လည်း မည်သည့်အခါမဆို ကြေးညှော်ကင်း သဖြင့် ဖြူစင်သန့်ရှင်းသောအဝတ်တို့ကို အစဉ်မပြတ်ဝတ်လေ့ရှိကုန်၏။ တစ်နေရာတည်းတွင် ငြိမ်သက်စွာမနေဘဲ လူးလာခတ်လျက် အစေခံ တို့ကို စီမံခန့်ခွဲနေရင်းပင် ၇ နာရီခွဲလျှင်ခွဲချင်း ကာလနဂါးအိပ်ပျော်၍ နေသည်ကိုနှိုးဘိသကဲ့သို့ မောင်ထွန်းမြတ်၏အခန်းကို လက်ဖြင့်ပြင်းစွာ ခေါက်၍ "ဟေ့ ... ထွန်းမြတ်ထ" ဟုခေါ်၍နှိုးရာ-

မောင်ထွန်းမြတ်က အိပ်ချင်သံနှင့်အခန်းတွင်းမှ "ဘာလို့ စောစောထ ရမှာလဲ၊ အခုမှ ၇ နာရီခွဲရှိသေးတယ်၊ ဒီကနေ့ ဝါဝင်နေ့မို့ ရုံးတက်စရာ မရှိဘူး"ဟု ပြောလျှင် -

မဂျမ်းပုံက မိမိပြောနေကျဖြစ်သော အာဏာသံနှင့် "ရုံးတက်တက် မတက်တက်၊ အခု မင်းထရမယ်၊ ဒီကနေ့ ထမင်းလည်း စောစောစားရ မယ်၊ ငါလည်း ဥပုသ်စောင့်သွားမယ်လို့"ဟု ပြောပြီး မီးဖိုချောင်သို့ သွားရာ လမ်းတွင် မိမိတို့၏အိမ်ထောင်မှုတို့သည် သပ်သပ်ရပ်ရပ်နေရာတကျရှိ ပါ၏လားဟု သေချာစွာကြည့်၍သွားလေ၏။

မီးဖိုအနီးသို့ရောက်လျှင် "မိနှစ် မှန်ဗီရိုကို ဖုန်စင်အောင်သုတ်ပါလို့ နင့်ငါခိုင်းတာ ဘယ့်နှယ်ကြောင့် မသုတ်သေးသလဲ" ဟု မေးလျှင် အစေခံ မိနှစ်က "ခုနကပဲ ကျွန်မသုတ်လာခဲ့တယ်၊ အစ်မကြီး မျက်စိက ဘယ် အကြိုအကြားများ ကြည့်လာခဲ့ပါလိမ့်မယ်" ဟု ပြောရာ "ဘယ်အကြို အကြားကြည့်မလဲ ဖုန်ရှိတဲ့နေရာကြည့်ခဲ့တာပေါ့၊ သွား... အခုချက်ချင်း သုတ်လိုက်"ဟု ခိုင်းနေဆဲတွင် ယောကျ်ားအစေခံ မောင်မြှားကလာ၍-

"ဆရာက ခေါင်းဖြီးဖို့ ဘီးရှာမတွေ့လို့ အစ်မကြီးခေါင်းက ဘီးပေး လိုက်စမ်းပါတဲ့"ဟု ပြောလျှင်-

"ဘာ ... ဘီးလိုချင်တယ်၊ သွား ... မပေးနိုင်ဘူး၊ ထမင်းပြင်ပြီးပြီ၊ ခေါင်းနောက်မှဖြီးလို့ နင့်ဆရာပြောလိုက်"ဟု အလုပ်ရှုပ်နေသော အမူ အရာနှင့်နှုတ်ခမ်းစူကာ ပြောလိုက်လေ၏။ **ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



ကျိုက်ထို ဇူလိုင် ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာ ဗဟုသုတတိုးပွားစေရေး အတွက် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်းကို ဇူလိုင်လ ၁၃ ရက်က ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိသန္တာဗိုလ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တွဲဖက်) ဒေါ်ငွေးငွေးဝင်းက အာဇာနည်နေ့ အကြောင်း သိကောင်းစရာများ၊ ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေး၊ ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## မအူပင်မြို့နယ် ကုန်းတန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

မအူပင် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများအပြင် မိသားစုဝင်ငွေတိုး လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို တာပါတ်အနောက် ကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ၌ ဇူလိုင်လ ၁၃ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးက ကျေးလက်နေပြည်သူများ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန်၊ ဆင်းရဲမှုလျော့ကျစေ ရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင် သည့်အတွက် ဆင်းရဲမှုကိုလျှော့ချလာနိုင် မည်ဖြစ်သည့်အပြင် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မအူပင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး နှင့် စီမံကိန်းတာဝန်ခံများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦး အတွက် ငွေကျပ် ၃၈ ဒသမ ၅ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## ဗန်းပြပြီး လာစေကာမူ

**တိုင်းပြည်ကိုလိမ်နေကြတဲ့လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေကကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုဗန်းပြပြီး လာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။**

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ မြို့လုံးကျွတ်လူထုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ




နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့လာသောပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၄ ခုနှစ်) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၄ခုနှစ်)တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပူးပေါင်းကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်(ခ) ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ




# အဆင့်မြင့်ပညာကဏ္ဍသင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဇူလိုင် ၁၄

အဆင့်မြင့်ပညာကဏ္ဍသင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ပင်မဆောင်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် Parallel Sessions များခွဲ၍ ဆွေးနွေးကြရာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က အဝေးသင်ပညာရေးစနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ တင်တင်ထွေးက ဒစ်ဂျစ်တယ်ပညာရေးစနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာကြည်ရွှင်က အရည်အသွေးအာမခံမှုစနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဒေါက်တာခင်မျိုးမြင့်ကြူက ဆရာအတတ်ပညာအရည်အသွေးတိုးတက်စေရေးခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာသူများက အဝေးသင်ပညာရေးစနစ်၊ ဒစ်ဂျစ်တယ်ပညာရေးစနစ်၊ အရည်အသွေးအာမခံမှုစနစ်၊ ဆရာအတတ်ပညာအရည်အသွေးတိုးတက်စေရေး ခေါင်းစဉ်များအလိုက် Parallel Sessions များခွဲပြီး ဆွေးနွေးကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၇၂)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်ကြမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်







အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း







## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း  လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင်  ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ➢ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၀ တက်ရောက်သဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆)ကို လိုအပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့် စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ထုတ်ပြန်ကြေညာသည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းအတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ) တွင် “နိုင်ငံတော်သမ္မတသည်ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ဆက်လက်အတည်ဖြစ်သည့်ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က AI နည်းပညာသည်လူသားသမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး နည်းပညာတစ်ခုအဖြစ် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများကို အသစ်ပုံဖော်နေသည့်နည်းပညာတစ်ရပ်ဖြစ်ပါကြောင်း၊ အလားတူ လူသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများအပေါ်တွင်ပါ ကြီးကြီးမားမား ပြောင်းလဲသက်ရောက်စေနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

ယခု ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)သည် AI နည်းပညာကို ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားသည်ကို တွေ့ရသကဲ့သို့ AI နည်းပညာကို စနစ်တကျ မှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးနှင့် နည်းပညာသည် လူသားတို့၏ ကောင်းကျိုးကိုသာဆောင်ကြဉ်းစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် လူအများ၏ စိုးရိမ်ပူပန်မှုများ လျှော့ချရန်၊ AI ကို လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သည့် နည်းပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်၊ လူမှုပတ်ဝန်းကျင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသည့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ရည်ရွယ်ချက်များမှာ လူသားဗဟိုပြုချဉ်းကပ်မှုကို လိုက်နာစောင့်ထိန်းရန်နှင့် အဖွဲ့ဝင်အားလုံးအတွက် AI နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အသုံးပြုမှုနှင့် လက်တွေ့အသုံးချမှုတို့ကို မြှင့်တင်ရန်၊ AI နည်းပညာအရှိန်အဟုန်မြင့် ဖြစ်ပေါ်တိုးတက်မှုများကိုရှုမြင်လျက် AI နည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်နှင့် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမျှတပြီး ခွဲခြားမှုမရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပူးတွဲတည်ထောင်သွားရန်၊ မတူကွဲပြားသည့် AI နည်းပညာကို ပေါင်းကူးနိုင်ရန်၊ AI နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်၊ ခေတ်မီ AI များမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို စုပေါင်းကိုင်တွယ်ဖြေရှင်းရန် တို့ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်ထောက်ပံ့မှုလိုအပ်ချက်များဆောင်ရွက်နိုင်ရေးအတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရန်၊ AI စွမ်းရည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ AI ဖွံ့ဖြိုးရေး မဟာဗျူဟာများ၊ အုပ်ချုပ်မှုစည်းမျဉ်းများ၊ နည်းပညာစံနှုန်းများနှင့် ပတ်သက်၍ ထိန်းညှိမှုများနှင့် ညှိနှိုင်းမှုများကို တိုးမြှင့်သွားရန်၊ ဆွေးနွေးပွဲများအဆင်ပြေချောမွေ့စေရန်၊ မူဝါဒဆိုင်ရာ ဘုံသဘောတူညီချက်များ တည်ထောင်ရန်၊ အချင်းချင်း ပေါင်းစည်းလုပ်ဆောင်မှု မြှင့်တင်ရန်နှင့် အကောင်းဆုံးလုပ်ငန်းအလေ့အထများကို မျှဝေရန်၊ AI သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ Open-Source စနစ်များ ဖွံ့ဖြိုးရေးတို့တွင် ပူးတွဲကြိုးပမ်းမှုများကို အားပေးအားမြှောက်ပြုရန်၊ ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု မြှင့်တင်ရန်၊ ကုလသမဂ္ဂမူဘောင်အတွင်းရှိ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသော နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို စူးစမ်းလေ့လာရန်၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကို အရပ်ဘက်သုံး AI နည်းပညာကဏ္ဍအတွက်သာ ကန့်သတ်ထားရန်တို့ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများတွင် အဓိကဖော်ပြထားသည်မှာ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ မတူကွဲပြားမှုများကို အလေးထားမည်ဟု ဖော်ပြထားပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ထည့်ဝင်ထောက်ပံ့ငွေကြေးကို ကောင်စီက သတ်မှတ်မည်ဖြစ်ပြီး ထိုသို့သတ်မှတ်ရာတွင် သဘောတူညီထားသည့် ငွေကြေးသတ်မှတ်ချက်နှင့် Universal Postal Union တွင် ထည့်ဝင်သည့် ငွေကြေးအချိုးအစားသတ်မှတ်ချက်တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တွင် အခန်း(၁၈)ခန်းပါဝင်ပါကြောင်း၊ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(World Artificial Intelligence Cooperation Organization)၏ တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ပါ အချက်အလက်များကို ခြုံငုံကြည့်ပါက လက်မှတ်ရေးထိုးမှုကို ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း လက်မှတ်ရေးထိုးကြသည့် နိုင်ငံများသည် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံများ (Founding Members of the Organization) အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် AI စွမ်းရည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးရေး မဟာဗျူဟာများ တိုးတက်ရေးတို့ကို လုပ်ဆောင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးရေးအပေါ် များစွာအထောက်အကူဖြစ်စေမည့် အဖွဲ့အစည်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ဦးစားပေးစံနှုန်းများအဖြစ်ထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုအကျိုးကျေးဇူးများကို နိုင်ငံတကာနှင့်တန်းတူညီမျှမျှဝေခံစားနိုင်ခြင်း၊ နည်းပညာဈေးကွက်နှင့် Digital Economy ဖော်ဆောင်မှုတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် တန်းတူပူးပေါင်းပါဝင်ခြင်းအားဖြင့် အခွင့်အလမ်းများရယူနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လွှတ်တော်အရပ်ရပ်တွင် AI နည်းပညာ၏ အရှိန်အဟုန်နှင့် တိုးတက်လာမှု၊ စိန်ခေါ်မှုများကို အလေးနက်ထားထည့်သွင်းဆွေးနွေးနေကြပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ထိုကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါနေ့ရက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်နေ့ရက်များကို **စာမျက်နှာ ၈ သို့** ◆

# အစာအိမ်အူလမ်းကြောင်းပြဿနာ

**"အစာအိမ်ပြဿနာက ဝေဒနာခံစားနေရသူများကို အလွန်ပင်ပန်းနွမ်းနယ်စေနိုင်ပြီး လူနေမှုဘဝအရည်အသွေးကိုပါ ထိခိုက်စေနိုင်သည်။ အစာအိမ်ပြဿနာအများစုက ဆေးဝါးကိုရှေးရှုသောက်ပြီး ကုသရလေ့ရှိကာ တချို့မှာ ခွဲစိတ်ကုသရသည်အထိဖြစ်နိုင်သည်။ အစာအိမ်ပြဿနာသည် ခန္ဓာကိုယ်တွင်းရှိ တခြားအင်္ဂါအစိတ်အပိုင်းများဖြစ်သော အူမကြီး၊ နှလုံး၊ အသည်း၊ အဆုတ်၊ အစာရေမြိုပြွန်စသည်တို့ကိုပါ ထိခိုက်စေနိုင်. . ."**

အစာအိမ်အူလမ်းကြောင်းစနစ်သည် ခန္ဓာကိုယ်ထဲတွင် ရှုပ်ထွေးပြီး ရှည်လျားသည့်စနစ်တစ်ခုဖြစ်သည်။ အစာအိမ်အူလမ်းကြောင်း၏ လုပ်ငန်းတာဝန်သည် စားသောက်လိုက်သောအစားအသောက်များမှ ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ်များစုပ်ယူပေးကာ မလိုအပ်သော အညစ်အကြေးများကို ပြန်လည်စွန့်ထုတ်ပေးသည်။ အစာအိမ်အူလမ်းကြောင်းသည် ရှည်လျားသကဲ့သို့ ပြဿနာလည်းမျိုးစုံဖြစ်နိုင်သည်။

**အလွန်အမင်းဝမ်းချုပ်ခြင်း**

တစ်ရက်၊ နှစ်ရက်ခန့် ဝမ်းချုပ်ခြင်း၊ ဝမ်းမှာခြင်းများသည် ပြဿနာမရှိသော်လည်း ရက်ကြာလာသည်နှင့်အမျှ ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းစသည်တို့သည် အူလမ်းကြောင်းကို ထိခိုက်လာနိုင်သည်။ အလွန်အမင်းဝမ်းချုပ်ခြင်းကြောင့် စအိုပတ်ဝန်းကျင်မှ သွေးပြန်ကြောများ ဖောင်းကားလိပ်ခေါင်းဖြစ်ခြင်း၊ စအိုကွဲခြင်း စသည့်ပြဿနာများဖြစ်လာနိုင်သည်။

အမျှင်ဓာတ်လုံလောက်စွာ စားခြင်း၊ ရေများများသောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း စသည့် နေထိုင်မှုပုံစံများပြောင်းလဲပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်နိုင်သည်။ သို့သော် အလွန်အမင်းဝမ်းချုပ်ခြင်းကြောင့် အူသိမ်သာမက အူမကြီးကင်ဆာ၊ အာရုံကြောဆိုင်ရာ ပြဿနာ၊ ဟော်မုန်းပြဿနာတို့ဖြစ်စေနိုင်သဖြင့် ဆရာဝန်နှင့်ပြသသင့်သည်။

**အစာမတည့်ခြင်း**

မိမိ၏ အစာအိမ်နှင့်အူလမ်းကြောင်းက အစားအစာတချို့ကို လက်မခံနိုင်ဘဲဖြစ်တတ်သည်။ ထိုအခြေအနေကို Food Intolerance ဟုခေါ်သည်။ ဓာတ်မတည့်ခြင်းနှင့်မတူဘဲ ဓာတ်မတည့်ခြင်းသည် ယားယံခြင်း၊ အင်ပျဉ်ထခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်စေပြီး အစာလက်မခံသည့်အခြေအနေက အူလမ်းကြောင်းကို သက်ရောက်မှုရှိစေသည်။

အစာလက်မခံသည့်အခါ လေပွခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ခြင်း၊ ရင်ပူခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်းတို့ဖြစ်တတ်သည်။ ထို့ကြောင့် မိမိနှင့်မတည့်သည့် အစားအစာများကိုမှတ်သားထားပြီး ယင်းတို့ကိုရှောင်ကြဉ်ခြင်းဖြင့် အဆိုပါပြဿနာများကို ကာကွယ်နိုင်သည်။

**အစာအိမ်မှ အချဉ်ဓာတ်ပြန်ဆန်တက်ခြင်း**

အစာအိမ်နှင့် အူသိမ်ကြားကို ပိုင်းခြားထားသောကြွက်သားများ ပါးလာပါက အစာအိမ်ထဲမှ အက်စစ်ဓာတ်ကဲသော အစာခြေရည်များသည် အစာရေမြိုအထိ ပြန်ဆန်တက်လာသည်။ အဆိုပါအခြေအနေမှာ ရင်ခေါင်းအတွင်း မအီမသာဖြစ်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ပါးစပ်အတွင်း ချဉ်ခြင်း၊ ရင်ပူခြင်း၊ အစာမျိုချရခက်ခဲခြင်းတို့ဖြစ်လာနိုင်သည်။

အစာအိမ်ပြဿနာက ဝေဒနာခံစားနေရသူများကို အလွန်ပင်ပန်းနွမ်းနယ်စေနိုင်ပြီး လူနေမှုဘဝအရည်အသွေးကိုပါ ထိခိုက်စေနိုင်သည်။ အစာအိမ်ပြဿနာအများစုက ဆေးဝါးကို ရှေးရှုသောက်ပြီးကုသရလေ့ရှိကာ တချို့မှာ ခွဲစိတ်ကုသရသည်အထိ ဖြစ်နိုင်သည်။ အစာအိမ်ပြဿနာသည် ခန္ဓာကိုယ်တွင်းရှိ တခြားအင်္ဂါအစိတ်အပိုင်းများဖြစ်သော အူမကြီး၊ နှလုံး၊ အသည်း၊ အဆုတ်၊ အစာရေမြိုပြွန်စသည်တို့ကိုပါထိခိုက်စေနိုင်သည်။

အစာအိမ်ပြဿနာကို ရှာဖွေဖော်ထုတ်ခြင်းက တခြားရောဂါများထက် များစွာပိုမိုလွယ်ကူသည်။ မိမိတွင် ပြင်းထန်သော ဗိုက်ရစ်နာခြင်း၊ ဗိုက်အောင့်ခြင်း သို့မဟုတ် အစာအိမ်ထဲတွင် အက်စစ်ဓာတ်များပြီး ရင်ပူခြင်းများပါ ခံစားရပါက မိမိတွင် အစာအိမ်အနာ သို့မဟုတ် အစာအိမ်ရောင်ရမ်းခြင်းမျိုးရှိနေနိုင်သည်။ အောက်ပါအချက်များက အစာအိမ်ကို ထိခိုက်စေနိုင်သည်။

- ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုပုံစံများဖြစ်သည့် အလွန်အမင်းပြုပြင်ဖန်တီးထားသည့် အစားအစာများ၊ အဆီအအိမ်များသော ဆီကြော်မုန့်များကို ပုံမှန်စားသုံးခြင်းသည် အစာခြေစနစ်ကိုနှေးကွေးစေပြီး အစာအိမ်အက်စစ်ဓာတ်အထွက်လွန်ခြင်းကို ဖြစ်စေနိုင်သည်။
- မကောင်းသောစားသောက်မှု အလေ့အထများ၊ အစားအစာကို အလွန်မြန်ဆန်စွာစားသောက်ခြင်း၊ အစာကို အချိန်မှန်မစားခြင်း၊ အလွန်အကျွံစားခြင်း သို့မဟုတ် အစားအစာကို သေချာစွာ ဝါးမစားခြင်းတို့က ပုံမှန်အစာအိမ်လုပ်ဆောင်ချက်ကိုထိခိုက်စေနိုင်သည်။
- တစ်နေ့တာလုံး ရေကိုလုံလောက်စွာမသောက်သောကြောင့် အစာခြေစနစ်ကိုရပ်တန့်စေပြီး ရင်ပြည့်ရင်ကယ်ဖြစ်စေနိုင်သည်။
- ဂက်စ်ပါသော အချိုရည်များနှင့် ကဖင်းဓာတ်ပါသောကော်ဖီ အလွန်အကျွံသောက်ခြင်းက အစာအိမ်အတွင်း လေပွခြင်းနှင့် အက်စစ်ထုတ်လုပ်မှုကို ပို၍တိုးမြင့်စေသည်။
- မိမိတွင် အကြောင်းပြချက်မရှိဘဲ ဗိုက်မကြာခဏအောင့်ပါက နာကျင်မှုသက်သာစေရန် အက်စပရင်ဆေးပြားများ သောက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ အစာအိမ်အနာ ရှိ မရှိ စစ်ဆေးသင့်သည်။ အက်စပရင်ဆေးက အစာအိမ်အနာကို ပို၍ဆိုးရွားစေနိုင်သည်။
- သည်းခြေကျောက်တည်ခြင်းက အူလမ်းကြောင်း၊ အသည်းနှင့် သည်းခြေအိတ်စသည်တို့ကိုပါ ထိခိုက်မှုများဖြစ်စေနိုင်သည်။
- နို့နှင့်နို့ထွက်ပစ္စည်းဓာတ်မတည့်သည့် ပြဿနာရှိသူများမှာ နို့နှင့်နို့ထွက်ပစ္စည်းတွင်ပါဝင်သည့်သကြားဓာတ်ကိုချေဖျက်ပေးနိုင်သော အင်ဇိုင်းမရှိကြပါ။ ဓာတ်မတည့်မှုခံစားရသည့်ပြင်းထန်မှုအဆင့်က တစ်ယောက်နှင့်တစ်ယောက် မတူညီကြဘဲ အနည်းငယ်အင်ပျဉ်ထရုံမျှသာဖြစ်ပွားသကဲ့သို့ အသက်အန္တရာယ်စိုးရိမ်ရသည့် ဓာတ်မတည့်မှုအထိလည်း ဖြစ်နိုင်သည်။
- အူမကြီးနံရံတွင် ပူဖောင်းသဏ္ဌာန်အိတ်ငယ်များထွက်လာပါက ပြောင်းဖူးနှင့် အစေ့အဆန်များ (ဥပမာ-အခွံမာသီး)စားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။
- အူလမ်းကြောင်းရောင်ရမ်းခြင်းကြောင့် ဗိုက်အောင့်ခြင်း၊ စအိုမှ သွေးယိုစီးခြင်း သို့မဟုတ် ဝမ်းလျှောခြင်းများကိုဖြစ်စေနိုင်သည်။

**အိမ်တွင်းကုထုံးများ**

အစာအိမ်နှင့်ပတ်သက်သည့် ရောဂါများမှကာကွယ်ရန် အိမ်တွင်းကုထုံးများစွာရှိသည်။

- ဗိုက်ရစ်နာခြင်းနှင့်လေပွခြင်းကို သက်သာစေရန် နနွင်းရွက်ကိုလှီးဖြတ်ပြီး နွားနို့နှင့်ရောစပ်ကာ နေ့စဉ်သောက်သုံးနိုင်သည်။
- မာလကာရွက်ကို ရေနှင့်ဆူအောင်ပြုတ်ပြီး ယင်းအရည်ကိုသောက်ပေးခြင်းဖြင့် အစာအိမ်ဝေဒနာများကိုလျော့ပါးသက်သာစေနိုင်သည်။
- လေပွခြင်းကို သက်သာစေရန် အာလူးစိမ်းညှစ်ရည်ကို တစ်နေ့သုံးကြိမ်သောက်ပေးနိုင်သည်။
- ချင်းက အစာမကြေခြင်း၊ လေပွခြင်းနှင့် ရင်ပူခြင်းတို့ကိုသက်သာစေနိုင်သည်။ ချင်းကို အစိမ်းလိုက်ဝါးစားခြင်း၊ ဖျော်ရည်လုပ်သောက်ခြင်း၊ ရေနွေးကြမ်းထဲထည့်သောက်ခြင်း သို့မဟုတ် ချင်းသကြားလုံးအဖြစ် စားသုံးနိုင်သည်။
- မုန့်ဖုတ်ဆော်ဒါက အစာအိမ်အတွင်းရှိ အက်စစ်ပမာဏကိုညီမျှစေပြီး ပို၍နေသည့်လေကို ဖယ်ရှားပေးသည်။ ရေတစ်ဖန်ခွက်ထဲသို့ မုန့်ဖုတ်ဆော်ဒါလက်ဖက်ရည်ဇွန်း လေးပုံတစ်ပုံခန့်ထည့်မွှေပြီး လေထိုးလေအောင့် ခံစားရသည့်အခါ အဆိုပါအရည်ကိုသောက်သုံးနိုင်သည်။
- ပန်းသီးရှလကာရည်က လေပွခြင်းကို ချက်ချင်းသက်သာစေနိုင်ပြီး အစာအိမ်ပြဿနာများကို ပျောက်ကင်းစေနိုင်သည်။ ရေနွေးနွေးထဲသို့ ပန်းသီးရှလကာရည် ထမင်းစားဇွန်းနှစ်ဇွန်းထည့်ကာ တစ်နေ့တစ်ကြိမ် သောက်ပေးနိုင်သည်။
- သစ်ကြံပိုးခေါက်က အစာအိမ်ပြဿနာများအတွက် ထိရောက်မှုရှိသည်။ အက်စစ်ဓာတ်များခြင်း၊ ရောင်ရမ်းခြင်းနှင့် လေပွခြင်းတို့ကို လျော့နည်းစေသည့် အပြင် ရောင်ရမ်းမှုကိုသက်သာစေပြီး ဗက်တီးရီးယား ပိုးမွှားများကိုလည်း ဖယ်ရှားပေးသည်။ ကော်ဖီ၊ အုတ်ဂျုံ သို့မဟုတ် နွားနို့ထဲသို့ သစ်ကြံပိုးခေါက်မှုန့်ထည့်ပြီး သောက်နိုင်သည်။ အစာအိမ်အူလမ်းကြောင်းဆိုင်ရာရောဂါများကိုတွန်းလှန်တိုက်ထုတ်ရန် အထက်ပါ အစားအစာများကို စားသုံးနိုင်သကဲ့သို့ ကိုယ်လက်လှုပ်ရှားမှုကိုလည်း နေ့စဉ်ပြုလုပ်ရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

---

◆ စာမျက်နှာ ၇ မှအဆက်

လက်ရှိကျင့်သုံးလျက်ရှိသည့်ဘဏ္ဍာရေးနှစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီးလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇူလိုင်လ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

## မုံရွာမြို့၌ ဒေသတွင်းစိမ်းလန်းစိုပြည်ရေး မိုးရာသီ ဝါးပင်များစိုက်ပျိုး



မုံရွာ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေး မိုးရာသီ ဝါးပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၃ ရက်က မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၇၅)သစ်ပါးလွှာစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေ့ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သတ်မှတ်နေရာများ၌ နေရာယူကြပြီး တက်ရောက်လာသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝါးပျိုးပင် ၄၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှဦးဆောင်ပြီး ၂၀၂၆ ခုနှစ် မိုးရာသီ ဝါးပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ခန္တီး၊ ဟုမ္မလင်း၊ ကန့်ဘလူ၊ ကလေးနှင့် မော်လိုက်မြို့တို့၌လည်း ဝါးပျိုးပင် ၆၃၀၀ ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

ချမ်းမြေ့

# မြို့သစ်မြို့နယ်၌ ဝါစိုက်တောင်သူများအား မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်

မြို့သစ် ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်သမဝါယမ ဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လူမှုစီးပွား မြှင့်တင်ရေး (သက်တံ့ရောင်)စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ဝါသီးနှံစိုက်ပျိုးသည့်တောင်သူ များအတွက် မျိုးနှင့်သွင်းအားစုပံ့ပိုးပေးအပ်ပွဲကို ဇူလိုင်လ ၁၃ရက် မွန်းလွဲပိုင်းတွင် မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရေးဦးစွာ မြို့သစ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ဦးစိုးမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးမှူး ဒေါ်ဇာလတ်ဖြူက လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်)စီမံကိန်းဖြင့် ဝါသီးနှံစိုက် တောင်သူများအတွက် မျိုးနှင့်သွင်းအားစုများပံ့ပိုး ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

ထို့နောက်တက်ရောက်လာသည့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များက ဝေးကုန်းကျေးရွာ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား တောင်သူ ၁၃၈ ဦးအား ဝါသီးနှံဧက ၃၅၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၈၂၆၀၀၀၀၀ တန်ဖိုးရှိ မျိုးစေ့နှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁)စပါးမျိုးအား စိုက်ပျိုးသရုပ်ပြ



ရွှေတောင် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးသန်းစိုး၏ လယ်မြေ ၂ ဧက၌ ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ရေဆင်း ပေါ်ဆန်း(၁)စပါးမျိုးအား ပျိုးဗန်းဖြင့် ပျိုးထောင်၍ စိုက်ပျိုးသည်။

ထိုသို့ဆောင်ရွက်မှုအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင် ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ ဝင်များ၊ ဒေသခံတောင်သူများက လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြခြင်းနှင့် အဆိုပါကွင်းအတွင်းရှိ မိုးစပါးစိုက်ဧက ၁၀၀ တို့အား ရေဆင်းပေါ်ဆန်း(၁)စပါးမျိုးကို စံပြ စိုက်ခင်းအဖြစ် စိုက်ပျိုးနေမှုအခြေအနေတို့အား ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ဧက ၁၀၀ ကွင်းတွင် ရေဆင်း ပေါ်ဆန်း(၁)စပါးမျိုးကို စံပြစိုက်ခင်းအဖြစ် စိုက်ပျိုးမည့်အခြေအနေတို့အား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာ များအား အချိုးကျရောနှောအသုံးပြုရန်၊ စိုက်နည်း စနစ်မှန်ကန်ရေးတို့အား တောင်သူများမှ လက်တွေ့ သိရှိလိုက်နာဆောင်ရွက်သွားရန် တာဝန်ရှိသူ အဆင့်ဆင့်တို့အား စဉ်ဆက်မပြတ် မြေပြင်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# နောင်လုံ(ကုလားစု)ကျေးရွာနှင့် ကော့မတလိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ဘားအံ ဇူလိုင် ၁၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးစောဘကြည်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်လုံ (ကုလားစု)ကျေးရွာနှင့် ကော့မတလိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဦးစီးမှူး ဦးဝင်းနိုင်က ဆောင်ရွက်ပြီးလုပ်ငန်း များအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း သွားကြရန် ဆွေးနွေးမှာကြားသည်။

နောင်လုံ(ကုလားစု)ကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သန်း ၇၀ ဖြင့် လည်းကောင်း၊ ကော့မတလိန်းကျေးရွာ၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ သန်းဖြင့် လည်းကောင်း၊ ဌာနမှဝန်ထမ်းများ၏နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

## အမိနိုင်ငံအတွက် ကျွန်ုပ်တို့၏တာဝန်

○ ကိုယ့်နိုင်ငံ ကိုယ့်ဒေသ
လှပလို့ သာယာစေ။
နိုင်ရာဝန် ကိုယ်စီထမ်းလို့
ကြိုးပမ်းစို့လေ။
စည်းလုံးခြင်းက အင်အားပေ
ဝေဝါးမနေ အမြင်များ။
ပြည်မြန်မာ ဂုဏ်သတင်း
ထုံသင်းစေသား။

○ ဖြူစင်သော် မြတ်စိတ်ထား
ချစ်ခြင်းတရား ခိုင်မာ။
ရိုင်းပင်းကူ သွေးမကွဲ
တွဲလက်ညီညာ။
တို့ချစ်သော ပြည်မြန်မာ
အရာရာ အောက်မကျ။
မုန်းစိတ်ရှောင် ချစ်ခင်မှုဖြင့်
ပေါင်းစုနေကြ။

○ သင့်ရာကို အစဉ်တွေးဆ
လှပလို့ ငြိမ်းချမ်းမည်။
ပန်းရောင်စုံ ရနံ့သင်း
သန့်ရှင်းဝေစည်။
မျိုးချစ်စိတ် အရင်းတည်
လင်းရောင်ခြည်ဖြင့် အုပ်မိုး။
ငြိမ်းချမ်းအစဉ်
မပျက်ပြားအောင်ပ
တစ်တပ်တစ်အား ပါဝင်ကူ
တာဝန်ဟူ မလစ်ဟင်းလို့
အားတင်းသယ်ပိုး။ ။

**စျာန်လေး(ပညာရေး)**

# (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

ကျောက်တလုံးကြီး ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသည် ကျောက်တလုံးကြီး မြို့၌ ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အဖြစ် ဟောပြောပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ် စာစောင်နှင့်စာအုပ်ပြပွဲများကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျောက်တလုံးကြီးမြို့ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဝင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ အာဇာနည်ခေါင်းဆောင်များ၏အတ္ထုပ္ပတ္တိ စသည် တို့ကို အသိပညာပေးဟောပြော၍ အခြေခံပညာ အထက်တန်းကျောင်း (ကျောက်တလုံးကြီး) ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများသို့ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အာဇာနည်နေ့အကြောင်း သိမှတ်ဖွယ်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ကျင်းပသည်။

ထို့နောက် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နေ့ထူး နေ့မြတ်များ၊ အထိမ်းအမှတ်နေ့များနှင့် ဗဟုသုတ ရဖွယ်အကြောင်းအရာတို့ကို ကျောင်းသား၊ ကျောင်းသူ လူငယ်များ ပိုမိုသိရှိနိုင်စေရေးအတွက် ပြပွဲပြိုင်ပွဲများ၊ နယ်လှည့်အသိပညာပေးလုပ်ငန်း များဖြင့် လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၄

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Fashion Island Terminal 21 ၌ ယခုနှစ်သြဂုတ်လ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် (၃၉) ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ(39th Thai King's Cup) တွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အမျိုးသားအသင်းသည် Men Team Regu Event (သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ)၊ Men Regu Event (သုံးယောက်တွဲပြိုင်ပွဲ)၊ Men Quadrant Event (လေးယောက်တွဲပြိုင်ပွဲ) နှင့် Men Hoop Event (ကွင်းသွင်းခြင်း ခတ်ပြိုင်ပွဲ)တို့တွင် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ထို့အတူ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအမျိုးသမီးအသင်းသည် လည်း Women Double Event (နှစ်ယောက် တွဲပြိုင်ပွဲ)၊ Women Quadrant Event (လေးယောက်တွဲပြိုင်ပွဲ)နှင့် Women Hoop Event (ကွင်းသွင်းခြင်းခတ် ပြိုင်ပွဲ) တို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းသည် အဖွဲ့ခေါင်းဆောင် ဦးသန်းလွင် ဦးဆောင်သည့် အုပ်ချုပ်သူ/နည်းပြငါးဦး၊ အမျိုးသား ကစားသမား ၁၃ ဦး၊ အမျိုးသမီး ကစားသမားရှစ်ဦး စုစုပေါင်း ၂၆ ဦး တို့ဖြင့် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ် သည်။

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ၂၀၂၅ ခုနှစ်က ထိုင်းနိုင်ငံ Songkhla မြို့၌ ကျင်းပ သည့် (၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲလေးမျိုးမှ ငွေတံဆိပ်ဆုနှစ်ခုနှင့် ကြေးတံဆိပ်ဆု နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ပဲခူးမြို့၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး အသိပညာပေးရှင်းလင်းပွဲကျင်းပ

ပဲခူး ဇူလိုင် ၁၄

အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး နှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော် ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အခွန်ပေးဆောင် ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆက်စပ်မှုဆိုင်ရာကိစ္စရပ်များကို အသိပညာ ပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရ သည်။

**ဥသာတိုင်းသား**



# မျိုးစေ့ထုတ်တောင်သူများကို သွင်းအားစုချီးမြှင့်ပေးအပ်ခြင်းနှင့် (RS-CS)မျိုးစေ့ထုတ်စိုက်ခင်းဧက ၃၀ မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ကျိုက်မရော ဇူလိုင် ၁၄

ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာ၌ မျိုးစေ့ထုတ်တောင်သူများကို သွင်းအားစု ချီးမြှင့်ပေးအပ်ခြင်းနှင့်(RS–CS)မျိုးစေ့ထုတ် စိုက်ခင်း ဧက ၃၀ မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ တောင်သူ ဦးငွေရ၏ လယ်မြေ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မိုးစပါးမျိုးစေ့ ထုတ်စိုက်ခင်းစိုက်ပျိုးမည့်တောင်သူများ ကို သွင်းအားစုဓာတ်မြေသြဇာများပေးအပ် ပြီး တက်ရောက်လာသော ဒေသခံတောင်သူ များက စိုက်ပျိုးရေးအတွက်လိုအပ်သည့် သွင်းအားစုများအား သက်သာသောနှုန်း ထားဖြင့်ဝယ်ယူရရှိလိုမှု၊ စက်သုံးဆီ လွတ်လပ်စွာဝယ်ယူရရှိမှုနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့် ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်တောင်သူ ဦးငွေရ၏ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းတွင် သဘာဝမြေသြဇာ နှင့် ဓာတ်မြေသြဇာအချိန်ကိုက်အချိုးကျ စုပေါင်းကြဲပက်နေမှုအား ကွင်းဆင်းကြည့်ရှု အားပေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် ပြည်နယ် အဆင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရ သည်။

**စည်သူ(ပြန်/ဆက်)**

# ၆၆ ကေဗွီ မြန်အောင် - ဟသ်ာတ အမှတ်(၁)ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတော်ဓာတ်အားစနစ် သို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး အတွက် မြန်အောင်မြို့နယ် ကညင်ဆည်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သော ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်းပြီးစီးပါက ထွက်ရှိမည့်ဓာတ်အားကို အင်္ဂပူမြို့နယ် ၆၆ ကေဗွီ ထူးကြီးဓာတ်အားခွဲရုံသို့ ပို့လွှတ် သွားမည်ဖြစ်သဖြင့် ၎င်းခွဲရုံနှင့်ချိတ်ဆက် မည့် ၆၆ ကေဗွီ မြန်အောင်–ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းကို ဇူလိုင်လ ၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ နှစ်နာရီကြာ ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူ မြို့ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းအကြောင်း ကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက် တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း နှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြု အပ်ပါသည်။

**(မိုး/ဇလ)**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ် ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ် များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၇-၇-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/ စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာတေးသံသာကာလပေါ်တေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာဆိုင်းဝိုင်းကြီးအဖွဲ့၏တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များစုပေါင်း၍ **"ရွှေမိုးပဇွန်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူး ထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါ သည်–

**(၁၇-၇-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ရွှေမိုးပဇွန်" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဆင်ကြီးဂဠုန်ချီ | ပြင်ပအဆိုရှင် |
| ၂။ | မင်္ဂလာနံနက်ခင်း | ပြင်ပအဆိုရှင် |
| ၃။ | စစ်ကိုင်းတံတား | ပြင်ပအဆိုရှင် |
| ၄။ | ထန်းရွက်ပုတီး | ပြင်ပအဆိုရှင် |
| ၅။ | ရွှေမိုးပဇွန် | ပြင်ပအဆိုရှင် |
| ၆။ | သူဌေးဝါဒ | ပြင်ပအဆိုရှင် |
| ၇။ | ရွှေအိုးစည် | ပြင်ပအဆိုရှင် |
| ၈။ | လက်ရည်တပြင်တည်း | ပြင်ပအဆိုရှင် |
| ၉။ | သဲကြီးမဲကြီး | ပြင်ပအဆိုရှင် |
| ၁၀။ | အောင်ပင်လယ် | ပြင်ပအဆိုရှင် |

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရှိန္ဒမာခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။



ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင်သည် ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အချက်များ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# သက်မွေးပညာသင်တန်းများ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်တက်ရောက်




**တောင်ကြီး ဇူလိုင် ၁၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် သက်မွေးပညာသင်တန်းများဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့်ထောက်ပံ့ပစ္စည်းများ၊ သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူများ၏ ရိုးရာအဝတ်အထည်များ၊ မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့်ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၁၄**

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့မွန်းလွဲပိုင်းတွင် အင်းလျားမြိုင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် တက်ရောက်လက်မှတ်ရေးထိုးသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးသည်ကာတာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးညှော်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။


ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာတာနိုင်ငံ၏ ဘုရင်အဖြစ် ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် (၇၄) နှစ်ရှိပြီဖြစ်ကြောင်းသိရှိရသည်။ **မြဝတီ**


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**➤ ရှေ့ဖုံးမှအဆက်**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ပလတ်စတစ်လျှော့ချသုံးစွဲရေးနှင့် ရေရှည်တည်တံ့သောလူမှုပတ်ဝန်းကျင်တည်ဆောက်ရေး

မောင်စည်ပင်(နေပြည်တော်)

ပလတ်စတစ်ဆိုသည်မှာ မျက်မှောက်ခေတ်လူသားတို့၏ နေ့စဉ်လူမှုဘဝတွင် ခွဲခြား၍မရအောင် ဒွန်တွဲနေသော ပစ္စည်းတစ်ခုဖြစ်လာခဲ့သည်။ ဈေးသက်သာခြင်း၊ ပေါ့ပါးခြင်းနှင့် ရေရှည်ခံခြင်း စသည့် ဂုဏ်သတ္တိများကြောင့် ကမ္ဘာတစ်ဝန်းတွင် အလွန်အကျွံသုံးစွဲလာကြသော်လည်း ယနေ့ခေတ်တွင် ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာမြေကြီး၏ဂေဟစနစ်ကိုအဆိုးရွားဆုံး ခြိမ်းခြောက်နေသည့် ကပ်ဘေးတစ်ခုဖြစ်လာသည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ပလတ်စတစ်တန်ချိန် သန်းပေါင်း ၄၀၀ ကျော် ထုတ်လုပ်နေပြီး ယင်းတို့အနက် ၉ ရာခိုင်နှုန်းခန့်သာ ပြန်လည်အသုံးပြု (Recycle) နိုင်ကာ ကျန်ရှိသော ပလတ်စတစ်အများစုမှာ မြေပြင်နှင့် သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိသွားသည်။

မြန်မာနိုင်ငံတွင်လည်း မြို့ပြနှင့် ကျေးလက်ဒေသများ၌ ပလတ်စတစ်အသုံးပြုမှုသည် တစ်နေ့ထက်တစ်နေ့ မြင့်မားလာနေသည်။ အထူးသဖြင့် ဈေးဝယ်စင်တာများ၊ သမားရိုးကျဈေးများနှင့်စားသောက်ကုန်လုပ်ငန်းများတွင်ပလတ်စတစ်ကို အလွယ်တကူစွန့်ပစ်ပစ္စည်းအဖြစ်အသုံးပြုနေကြသည်။ စနစ်တကျစွန့်ပစ်မှုစနစ်အားနည်းခြင်းနှင့် ပြည်သူလူထု၏သတိပြုမိမှုနည်းပါးခြင်းတို့ကြောင့် ချောင်း၊ မြောင်း၊ မြစ်များနှင့် မြေဆီလွှာများအတွင်း ပလတ်စတစ်အမှိုက်များပိတ်ဆို့ကာ ရေကြီးရေလျှံမှုများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ရင်ဆိုင်နေရသည်။

**ပလတ်စတစ်အလွန်အကျွံသုံးစွဲခြင်း၏ ဆိုးကျိုးများ**

ပလတ်စတစ်၏ အဓိကဆိုးကျိုးမှာ သဘာဝအလျောက်ဆွေးမြည့်ရန် နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်ခြင်းဖြစ်သည်။ ပလတ်စတစ်အိတ်တစ်လုံးသည်သဘာဝပတ်ဝန်းကျင်တွင်ဆွေးမြည့်ရန် နှစ်ပေါင်း ၄၅၀ ကျော် ကြာမြင့်ပြီး ပလတ်စတစ်ရေသန့်ဘူး တစ်ဘူးသည် နှစ်ပေါင်း ၁၀၀၀ နီးပါး ကြာမြင့်နိုင်သည်။ ဤသို့ မဆွေးမြည့်နိုင်သော ဂုဏ်သတ္တိကြောင့် မြေကြီးအတွင်း




ထိုင်းနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာများတွင် ပလတ်စတစ်အိတ်အခမဲ့ပေးခြင်းကို တားမြစ်ဆောင်ရွက်ခဲ့မှုပုံ။

ရောက်ရှိသွားသောအခါ ရေနှင့်လေဖြတ်သန်းမှုကိုပိတ်ဆို့ကာ မြေဆီလွှာအရည်အသွေးကျဆင်းစေပြီး စိုက်ပျိုးရေးကို တိုက်ရိုက်ထိခိုက်စေသည်။

ထို့ပြင် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ်ပလတ်စတစ်တန်ချိန် သန်းနှင့်ချီ၍ စီးဝင်နေသဖြင့် ရေနေသတ္တဝါများဖြစ်ကြသော ငါး၊ လိပ်၊ ဝေလငါးများနှင့် ပင်လယ်ငှက်များသည် ပလတ်စတစ်အမှိုက်များကို အစာမှတ်ကာ စားသုံးမိခြင်းကြောင့် နှစ်စဉ် သန်းပေါင်းများစွာ သေဆုံးနေရသည်။ ယင်းထက်ပိုမိုဆိုးရွားသည်မှာ မိုက်ခရိုပလတ်စတစ် (Microplastics) အန္တရာယ်ဖြစ်သည်။ ပလတ်စတစ်များ အလွန်သေးငယ်သော အမှုန်အမွှားများအဖြစ် ကွဲကြေသွားသောအခါ ရေနှင့်ငါးများမှတစ်ဆင့်လူသားတို့၏စားသောက်ကုန်ကွင်းဆက် (Food Chain) အတွင်းသို့ ပြန်လည်ရောက်ရှိလာပြီး ကင်ဆာရောဂါ၊ ဟော်မုန်းမမျှတမှုနှင့်ကိုယ်ခံအားကျဆင်းမှုများကို ဖြစ်ပွားစေသည်။

| ပလတ်စတစ်အမျိုးအစား | အသုံးများသောနေရာ | သဘာဝအလျောက်ဆွေးမြည့်ရန်ကြာချိန် |
|---|---|---|
| ပလတ်စတစ်အိတ် (Plastic Bags) | ဈေးဝယ်ခြင်း၊ ထုပ်ပိုးခြင်း | နှစ်ပေါင်း ၂၀ မှ ၅၀၀ အထိ |
| အမြှုပ်ဘူး(Styrofoam Containers) | ပါဆယ်အစားအသောက်ဘူး | မဆွေးမြည့်နိုင်ပါ (နှစ်သန်းချီကြာနိုင်) |
| ပလတ်စတစ်ရေသန့်ဘူး (PET Bottles) | ဖျော်ရည်နှင့် ရေသန့်ဘူးများ | နှစ်ပေါင်း ၄၅၀ ကျော် |
| ပလတ်စတစ်ပိုက် (Straws) | အအေးသောက်ခြင်း | နှစ်ပေါင်း ၂၀ ကျော် |

**ကျန်းမာရေးအန္တရာယ်နှင့် အပူဒဏ် (ချိုင့်နှင့် အိုးခွက်များ ပြန်လည်အစားထိုးရေး)**

မြန်မာနိုင်ငံတွင် နေ့စဉ်ကြုံတွေ့နေရသော အလေ့အထတစ်ခုမှာ ပူနွေးလှသော အစားအသောက်များ၊ ဟင်းရည်များနှင့် ထမင်းပူပူများကို ပလတ်စတစ်အိတ် သို့မဟုတ် အမြှုပ်ဘူးများဖြင့် ပါဆယ်ထုတ်ယူခြင်းဖြစ်သည်။ ဤသည်မှာ လူထု၏ ကျန်းမာရေးကို တဖြည်းဖြည်း ချောက်ထဲသို့ တွန်းပို့နေခြင်းဖြစ်သည်။ ပလတ်စတစ်သည် အပူနှင့်တိုက်ရိုက်ထိတွေ့သောအခါ ၎င်းတွင်ပါဝင်သော Bisphenol A (BPA) နှင့် Phthalates ကဲ့သို့သော အဆိပ်သင့်ဓာတုပစ္စည်းများ အလွယ်တကူအရည်ပျော်ကာ အစားအသောက်များအတွင်းသို့ ရောနှောသွားသည်။

အဆိုပါ ဓာတုပစ္စည်းများသည် လူသားတို့၏ ဟော်မုန်းစနစ်ကို ကမောက်ကမဖြစ်စေခြင်း၊ အမျိုးသား၊ အမျိုးသမီးများတွင် မျိုးပွားနိုင်စွမ်းကိုထိခိုက်စေခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သန္ဓေသားများကို အန္တရာယ်ဖြစ်စေခြင်းနှင့် ရေရှည်တွင် ကင်ဆာရောဂါဖြစ်ပွားမှုကို မြင့်မားစေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ပါဆယ်ဝယ်ယူရာတွင် ရှေးရိုးမြန်မာ့ရိုးရာ စတီးချိုင့်များ၊ ကြွေချိုင့်များနှင့် ကိုယ်ပိုင်ဖန်ဘူး၊ အိုးခွက်များကို ယူဆောင်သွားကာ ဝယ်ယူသည့် အလေ့အထကောင်းကို မဖြစ်မနေ ပြန်လည်ဆန်းသစ်ကျင့်သုံးရမည်ဖြစ်သည်။

**ဈေးဝယ်စင်တာများနှင့် စတိုးဆိုင်ကြီးများတွင်ပလတ်စတစ်လျှော့ချရေးမဟာဗျူဟာ**

ခေတ်မီဈေးဝယ်စင်တာကြီးများနှင့် စူပါမားကက်များသည် ပလတ်စတစ်အိတ် အမြောက်အမြားထွက်ရှိရာ အဓိကအရင်းအမြစ်များဖြစ်သည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက်ဈေးဝယ်စင်တာများတွင် "တစ်ပတ်လျှင် နှစ်ရက် ပလတ်စတစ်အိတ် လုံးဝမပေးရမည့်စနစ်" (ဥပမာ - အပတ်စဉ် စနေနှင့် တနင်္ဂနွေ သို့မဟုတ် ဗုဒ္ဓဟူးနှင့် ကြာသပတေး) နေ့များကို ဥပဒေအရသော်လည်းကောင်း၊ စည်းကမ်းချက်အရသော်လည်းကောင်း ပြဋ္ဌာန်းကျင့်သုံးသင့်သည်။ အဆိုပါ သတ်မှတ်ရက်များတွင် ကုန်တိုက်များမှ စားသုံးသူများကို ပလတ်စတစ်အိတ် လုံးဝ (အခမဲ့) ပေးကမ်းခြင်း မပြုဘဲ စားသုံးသူများမှမိမိတို့အစီအစဉ်ဖြင့် အထည်အိတ် (Eco-friendly cloth bag)၊ ခြင်းတောင်း သို့မဟုတ် ပြန်လည်အသုံးပြုနိုင်သော အိတ်များကို ယူဆောင်လာစေရမည်။ အကယ်၍ မဖြစ်မနေလိုအပ်ပါက အိတ်ဖိုးကို မြင့်မားသောနှုန်းထားတစ်ခုဖြင့် ဝယ်ယူစေခြင်းဖြင့် စားသုံးသူများ၏ အလေ့အထကို ရေရှည်တွင်ပြောင်းလဲပစ်နိုင်မည်ဖြစ်သည်။

**ဈေးများ (Wet Markets) တွင် ပလတ်စတစ်လျှော့ချရေး**

မြို့နယ်အသီးသီးရှိ အသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးများသည် ပလတ်စတစ်အိတ်များကို အများဆုံးသုံးစွဲနေသော နေရာများဖြစ်သည်။ ငရုတ်သီးစိမ်းတစ်ထောင်ဖိုးမှစ၍ အသားငါးများအထိ အိတ်အဆင့်ဆင့်ထပ်ကာ ထုပ်ပိုးလေ့ရှိသည်။ ဈေးများတွင် ပလတ်စတစ်လျှော့ချရန်အတွက် ဈေးသည်များနှင့် ဈေးဝယ်သူများအကြား အသိပညာပေးခြင်းအပြင် အစားထိုးပစ္စည်းများဖြစ်သော ဖက်ရွက်များ (ငှက်ပျောဖက်၊ အင်ဖက်) ဖြင့် ပြန်လည်ထုပ်ပိုးခြင်း၊ စက္ကူအိတ်များအသုံးပြုခြင်းတို့ကို အားပေးရမည်။ ဈေးဝယ်သူများအနေဖြင့်လည်း ဈေးခြင်းတောင်း (Traditional Shopping Baskets) ပြန်လည်ကိုင်ဆောင်သည့် ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ရမည်။ ဈေးကော်မတီများမှလည်း ပလတ်စတစ်အိတ်အလွန်အကျွံသုံးစွဲမှုကိုကန့်သတ်ခြင်းနှင့် အစားထိုးသဘာဝပစ္စည်းသုံးစွဲသည့်ဆိုင်များကို ဆုချီးမြှင့်ခြင်း စသည့် နည်းလမ်းများဖြင့် တွန်းအားပေးသင့်သည်။

**စီးပွားရေးဆိုင်ရာ စည်းမျဉ်းများနှင့် ပါဆယ်ဘူးဖိုး သီးသန့်ကောက်ခံခြင်း**

စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် အစားအသောက်များကို ပါဆယ်မှာယူသည့်အခါ ပလတ်စတစ်ဘူး၊ အမြှုပ်ဘူးနှင့် ပလတ်စတစ်အိတ်များအတွက် "ဘူးဖိုး/အိတ်ဖိုး" ကို အစားအသောက်တန်ဖိုးထက် သီးသန့်ခွဲထုတ်ကာ စားသုံးသူထံမှ ထပ်ဆောင်းကောက်ခံသည့်စနစ်ကို ကျင့်သုံးရမည်။ လက်ရှိတွင် ဆိုင်အများစုသည် ဘူးဖိုးကိုအလကားပေးခြင်း သို့မဟုတ် အစားအသောက်ဖိုးထဲတွင် ရောနှောထည့်သွင်းထားသဖြင့် စားသုံးသူများက ပလတ်စတစ်၏တန်ဖိုးနှင့်ဆိုးကျိုးကိုသတိမပြုမိကြပေ။ အကယ်၍ ပါဆယ်ဘူးတစ်ဘူးလျှင် ငွေကျပ် ၂၀၀ မှ ၅၀၀ အထိ သီးသန့်ကောက်ခံမည်ဆိုပါက စားသုံးသူများသည်ထိုထပ်ဆောင်းကုန်ကျစရိတ်ကို မပေးဆောင်လိုသောကြောင့် မိမိတို့အိမ်မှ ကိုယ်ပိုင်ချိုင့် သို့မဟုတ် အစားအသောက်ထည့်သည့်ဘူးများကို ယူဆောင်လာရန် စိတ်အားထက်သန်လာမည်ဖြစ်သည်။ ဤစီးပွားရေးမက်လုံးသည် လူထု၏စရိုက်ကို လျင်မြန်စွာပြောင်းလဲစေနိုင်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

**ထုတ်လုပ်သူများ၏ တာဝန်ယူမှု (EPR) နှင့် ပလတ်စတစ်အပေါ် အခွန်ကောက်ခံခြင်း**

ပလတ်စတစ်ညစ်ညမ်းမှုကို အမြစ်ပြတ်တိုက်ဖျက်ရန်အတွက် စားသုံးသူများကိုသာမက ထုတ်လုပ်သူများကိုပါ တာဝန်ယူခိုင်းသည့် EPR (Extended Producer Responsibility) စနစ်ကို ကျင့်သုံးရမည်။ ပလတ်စတစ်ဘူးခွံနှင့် ထုပ်ပိုးပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် ၎င်းတို့ထုတ်လုပ်လိုက်သော ပလတ်စတစ်များပတ်ဝန်းကျင်သို့ ရောက်ရှိမသွားစေရန် ပြန်လည်သိမ်းဆည်းရေးနှင့် Recycle လုပ်ငန်းစဉ်များအတွက် ဘဏ္ဍာရေးနှင့် စနစ်ပိုင်းဆိုင်ရာ တာဝန်ယူရမည်ဖြစ်သည်။ ထို့ပြင် အစိုးရအနေဖြင့် အပျိုစင်ပလတ်စတစ် (Virgin Plastic) ထုတ်လုပ်မှုနှင့် တင်သွင်းမှုအပေါ် မြင့်မားသောပလတ်စတစ်ခွန် (Plastic Tax) စည်းကြပ်ကောက်ခံသင့်သည်။ ဤသို့ အခွန်တိုးမြှင့်ခြင်းဖြင့် ပလတ်စတစ်ထုတ်လုပ်မှုစရိတ် မြင့်မားလာကာ ကုမ္ပဏီများသည် ဂေဟစနစ်နှင့် ညီညွတ်သော အစားထိုး ထုပ်ပိုးမှုစနစ်များ သို့မဟုတ် ပြန်လည်အသုံးပြုထားသော ပလတ်စတစ်များဆီသို့ မဖြစ်မနေပြောင်းလဲလာကြမည်ဖြစ်သည်။

**နိုင်ငံတကာဖြစ်ရပ်မှန်လေ့လာချက်များ**

အာဖရိကတိုက်ရှိ ရဝမ်ဒါနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ပလတ်စတစ်အိတ် လုံးဝမထုတ်လုပ်ရန်၊ မသွင်းရန်နှင့်မသုံးစွဲရန် တင်းကျပ်စွာပိတ်ပင်ခဲ့သည်။ စည်းကမ်းဖောက်ဖျက်ပါက ကြီးလေးသော ဒဏ်ငွေနှင့် ထောင်ဒဏ်များအထိ ချမှတ်ခဲ့သည်။ ရလဒ်အနေဖြင့် ရဝမ်ဒါနိုင်ငံသည် အာဖရိကတိုက်တွင်သာမက ကမ္ဘာပေါ်တွင်ပါ အသန့်ရှင်းဆုံးနှင့်ပတ်ဝန်းကျင်အကောင်းဆုံးနိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့ကုလသမဂ္ဂ၏ ချီးကျူးမှုကိုရရှိခဲ့သည်။



ဥရောပသမဂ္ဂသည် ၂၀၂၁ ခုနှစ်မှစ၍ ပြန်လည်အသုံးပြု၍မရသော ပလတ်စတစ်စွန့်ပစ်ပစ္စည်း တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၈၀ ယူရို အခွန်စည်းကြပ်သည့် စနစ်ကို ကျင့်သုံးခဲ့မှုပုံ။

အိမ်နီးချင်း ထိုင်းနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတစ်ဝန်းရှိကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာများနှင့် 7-Eleven ကဲ့သို့သော စတိုးဆိုင်ပေါင်းထောင်ချီတွင် စားသုံးသူများကို ပလတ်စတစ်အိတ်အခမဲ့ပေးခြင်းကို လုံးဝတားမြစ်ခဲ့သည်။ ဤလှုပ်ရှားမှုကြောင့် ပထမတစ်နှစ်အတွင်းမှာပင် ပလတ်စတစ်အိတ် သန်းပေါင်းသောင်းချီသုံးစွဲမှုကိုလျှော့ချနိုင်ခဲ့ပြီး ပြည်သူများ၏အဝတ်အိတ်ကိုင်ဆောင်မှုနှုန်း သိသိသာသာမြင့်တက်လာခဲ့သည်။

ဥရောပသမဂ္ဂသည် ၂၀၂၁ ခုနှစ်မှစတင်၍ ပြန်လည်အသုံးပြု၍မရသော ပလတ်စတစ်စွန့်ပစ်ပစ္စည်း တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၈၀ ယူရို (Euro 0.80 per kg)

စာမျက်နှာ ၁၃ သို့ ❖

# သံအမတ်ကြီး ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာအထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**မြဝတီ**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ပါမောက္ခချုပ် ဒေါက်တာထွန်းတင်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)ဒေါက်တာမိုးခိုင်ကို ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

"စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်"ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်များက ပွဲတော်ကိုဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေကြသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ကာ ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကိုကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး MSME ထုတ်ကုန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

# ဖလမ်းမြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနေမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဇူလိုင် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့် အတူ ယမန်နေ့က ဖလမ်းမြို့ရှိအခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနေမှုနှင့်ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဖလမ်းမြို့ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား မျက်စိစမ်းသပ်ခြင်း၊ သွားနှင့်ခံတွင်းစမ်းသပ်ခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်ပေးနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ကြေးများ ပေးအပ်သည်။

ဖလမ်းမြို့နယ်တွင်အခြေခံပညာကျောင်း ၁၁၃ ကျောင်းဖွင့်လှစ်နိုင်ပြီး သင်ကြားရေးဆရာ၊ ဆရာမ ၂၈၄ ဦးဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၃၄၄၀ ဦးကို ပညာသင်ကြားပေးလျက်ရှိပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များတွင် အခြေခံပညာကျောင်းပေါင်း ၂၈၂ ကျောင်းဖွင့်လှစ်ကာ သင်ကြားရေးဆရာ၊ ဆရာမ ၁၂၄၇ ဦးဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၂၀၃၁၄ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်းသိရသည်။

**မြဝတီ**

❑ **ရှေ့ဖုံးမှအဆက်**

သုံးစွဲမှုများကိုအဖွဲ့များ ဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှစစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) – ၀၆၇-၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) – ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) – ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ – ၀၆၇-၃၄၁၀၄၀၇၊ ၀၉၆၈၂၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

❖ **စာမျက်နှာ ၁၂ မှအဆက်**

အခွန်စည်းကြပ်သည့် စနစ်ကိုကျင့်သုံးခဲ့သည်။ ဤဥပဒေသည် ထုတ်လုပ်သူများအား ပလတ်စတစ်အစားထိုး နည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် Recycle လုပ်ငန်းများကို ပိုမိုလုပ်ဆောင်လာစေရန် အားကောင်းသောတွန်းအားဖြစ်စေခဲ့သည်။

အချုပ်ဆိုရသော် ပလတ်စတစ်လျှော့ချရေးသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားအဆင့် လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ဈေးဝယ်စင်တာများတွင် တစ်ပတ်နှစ်ရက် အိတ်မပေးခြင်း၊ ပါဆယ်ဘူးဖိုး သီးသန့်ကောက်ခံခြင်း၊ အပူနှင့်ထိတွေ့သော ပလတ်စတစ်အန္တရာယ်ကိုသတိပြုကာ ချိုင့်များဖြင့် အစားထိုးခြင်း၊ ဈေးများတွင် ပလတ်စတစ်လျှော့ချခြင်းနှင့် ထုတ်လုပ်သူများကို အခွန်တိုးမြှင့်ခြင်းစသည့် ဗျူဟာများကို ဟန်ချက်ညီဖော်ဆောင်ရမည်။ ကျွန်ုပ်တို့၏ သား၊ သမီး၊ မြေး၊ မြစ်များနှင့် ကမ္ဘာမြေကြီး ရှင်သန်သန့်ရှင်းနေစေရန်အတွက် ယနေ့မှစတင်၍ ပလတ်စတစ်သုံးစွဲမှုကို ပြတ်ပြတ်သားသားလျှော့ချကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကိုးကား**


၁။ UNEP (United Nations Environment Programme) – Plastic Pollution Action, URL: https://www.unep.org/plastic-pollution.

၂။ WHO (World Health Organization) – Microplastics and Human Health, URL: https:// www.who.int/news-room/fact-sheets/detail/microplastics-in-drinking-water.

၃။ World Bank Group – Plastic Pollution and EPR Systems, URL: https://www.worldbank.org/en/topic/environment/brief/plastic-pollution-action-plan.

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှုအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်နေ့ချင်းပြီး (One Stop Service) ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးသည်။

ယင်းနောက် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မိတ္ထီလာနှင့် ရမည်းသင်း ခရိုင်တို့အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက ဒေသခံပြည်သူများကို လမင်းစီမံချက်ဖြင့် အသက် ၁၈နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူ၊ ပျက်စီး/ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူဆောင်ရွက်ထုတ်ပေးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် မြို့နယ်ရုံးမှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ငါး၊ ပုစွန် အထိအမိ ကောင်းမွန်မှုကြောင့် စားသုံးသူများဈေးနှုန်းသင့်တင့်စွာဝယ်ယူရရှိ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ငါးဖမ်းစက်လှေများသည် ငါး၊ ပုစွန်ဖမ်းဆီးရာ၌ အထိအမိကောင်းမွန်မှုကြောင့် စားသုံးသူပြည်သူများ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူရရှိလျက်ရှိကြောင်း ရန်ကုန်မြို့ ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ သိရသည်။

"ဒီနေ့ဆိုရင် ဆိပ်ကမ်းကို ငါးစက်လှေဝင်ရောက်တာ ခြောက်ကြိမ်မြောက်ရှိပါပြီ။ ငါးဖမ်းရာသီစဖွင့်တဲ့အချိန်မှာ အထိအမိကောင်းပြီး ငါး/ပုစွန် ဝင်ရောက်မှုများတဲ့အတွက် ဈေးကျတယ်။ စားသုံးသူတွေဈေးနှုန်းသင့်တင့်စွာဝယ်ယူနိုင်တယ်။ ပင်လယ်ပြင်မှာ ငါးကြီးရရှိမှုနည်းနေတဲ့အတွက် ပြည်ပပို့ကုန်တော့နည်းနေပါသေးတယ်"ဟု ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ ရေငန်ထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

ငါးဖမ်းစက်လှေများအနေဖြင့် ပင်လယ်ပြင်သို့ ဇွန်လ ၁၅ ရက်တွင် စတင်ထွက်ခွာကြပြီး ရန်ကုန်မြို့ရှိ ငါးချဆိပ်ကမ်းများသို့ ရေထွက်ကုန်များ ဇူလိုင်လ ၁ ရက်တွင် စတင်ဝင်ရောက်မှုရှိကြောင်း အဆိုပါ ဆိပ်ကမ်းမှ သိရသည်။

"ဧပြီလကနေ ဇွန်လအထိ သုံးလပိတ်ထားပေမယ့်ရေလုပ်သားတွေရဲ့အခက်အခဲကြောင့် ဇွန်လ ၁၅ ရက်မှာ ငါးဖမ်းရာသီ ပြန်ဖွင့်ပါတယ်။ မုန်တိုင်းရှိနေတော့ ရန်ကုန်တိုင်းဒေသကြီးက ငါးဖမ်းစက်လှေ ၁၀၀၀ လောက်မှာ ၃၀၀ လောက်ပဲထွက်နိုင်ပါသေးတယ်"ဟု ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

ဆိပ်ကမ်းသို့ ရွှေငါး၊ ငါးခေါင်းပွ၊ ငါးပလွေ၊ မီးလုံး၊ ပလာတူး၊ ငါးနှပ်၊ ငါးတံခွန်၊ ကုလားငှူ၊ ငါးရောင်၊ လက်ဝါး၊ ဒါးမတိုး၊ ပွဂျွန်၊ ဆီပလွေနှင့် အခြားငါးအသေးများ အများဆုံးဝင်ရောက်ပြီး ငါးရွှေ ခုံး၊ သင်ဝါ၊ ငါးကွမ်းရှပ်၊ ငါးမုန့်အဖြူ စသည့်ပြည်ပပို့ကုန်ရေထွက်ကုန် အနည်းငယ်သာ ဝင်ရောက်မှုရှိကြောင်း သိရသည်။

သစ္စာ(MNA)

# အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ Ultrasound စက်အသစ်ဖြင့် အာမခံအလုပ်သမားလူနာများကို ရောဂါရှာဖွေနေမှုအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုအားပေး



ရန်ကုန် ဇူလိုင် ၁၄

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည်ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် Ultrasound အခန်း ပြင်ဆင်ထားရှိမှုနှင့် Ultrasound စက်အသစ်ဖြင့် အာမခံအလုပ်သမားလူနာများကို ရောဂါရှာဖွေနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ရန်ကင်းမြို့နယ်ရှိကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဦးစီးဌာန၊ အဖွဲ့ရုံးများမှမြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်မည့် သင်တန်းသားအိပ်ဆောင်ဆောက်လုပ်မည့် မြေနေရာကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ မြဝတီ

| | |
|---|---|
| **၁၄-၇-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)** | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**<br>**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |

# ဇလွန်မြို့နယ် အညာစုကျေးရွာ၌ "အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (အဆင့်၂)"အတွက် ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှု စင်တာ(IPRCC)တို့ ပူးပေါင်းဆောင်ရွက်မည့် "အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂)" East-Asia Poverty Reduction Cooperation Project in Myanmar (Phase-II) အတွက် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စင်တာ(IPRCC)မှ ညွှန်ကြားရေးမှူး Mr. Tong Lang နှင့်အဖွဲ့သည် မြန်မာနိုင်ငံတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကနဦးလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဖွဲ့သည် ဇူလိုင်လ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေကို အသေးစိတ်ဆွေးနွေးညှိနှိုင်းသည်။

ဇူလိုင်လ ၁၃ ရက်တွင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားသည့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အညာစုကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများအတွက်ကျေးရွာ၏ပကတိလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးပြီး မြေပြင်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကွင်းဆင်းတွေ့ရှိချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါအဖွဲ့သည်နေပြည်တော်အတွင်းရှိ စီမံကိန်းဆောင်ရွက်ရန်လျာထားသည့် ကျေးရွာများတွင် ကနဦး လေ့လာဆန်းစစ်မှုများဆောင်ရွက်ခြင်း၊ ခရီးစဉ်တစ်လျှောက်



တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စက်ချုပ်ခန်း၌ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

➢ ရှေ့ဖုံးမှအဆက်

ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများ အသိပညာအတတ်ပညာဖွံ့ဖြိုးစေရေး လေ့ကျင့်သင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းနှင့်ဂေဟာအတွင်းရှိ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများဆောင်ရွက်နေမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာသင်ခန်းများ၌ သင်ကြားလေ့ကျင့်နေမှု၊ မသန်စွမ်းကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဂေဟာအတွင်းရှိ ကလေးများလေ့ကျင့်ဆောင်ရွက်နေသော မေတ္တာစံအိမ် Coffee Shop၊ သင်တန်းကျောင်းအိပ်ဆောင်များနှင့်ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးကာ အသက်အရွယ်နှင့်မသန်စွမ်းမှုအမျိုးအစားအလိုက် သင့်လျော်သည့်သင်ကြားရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အာဟာရပြည့်ဝရေးဆောင်ရွက်ရန်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် လုံခြုံဘေးကင်းသော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် မိဘအုပ်ထိန်းသူများနှင့်ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားသည်။

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို ကလေးငယ်များ အမှီအခိုကင်းစွာ လူမှုဘဝအတွင်း ရပ်တည်နိုင်စေရေးအတွက် ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အသက်အရွယ်အပိုင်းအခြားအလိုက်မသန်စွမ်းကလေးငယ် ၂၅၀ ကို ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စင်တာတာဝန်ခံက ကျောင်းတွင်းလုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်များနေရာချထားပေးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ စင်တာ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်စင်တာအတွင်းရှိ ရက်ကန်းအလုပ်ရုံနှင့်စက်ချုပ်ခန်းတို့၌ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု၊ အရောင်းဆိုင်တွင်လက်မှုချည်ထည်အသုံးအဆောင်ပစ္စည်းများရောင်းချပေးနေမှုနှင့်စင်တာအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ကချမှတ်ထားသည့်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ကျောင်းအုပ်ကြီးက ကျောင်း၏အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သင်ကြားပေးလျက်ရှိသည့် မိန်းမဝတ်အခြေခံ/အဆင့်မြင့်စက်ချုပ်သင်တန်း၊ အိမ်တွင်းစီမံခန့်ခွဲမှုသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ပလတ်စတစ်ခြင်းထိုးသင်တန်း၊ မုန့်မျိုးစုံပြုလုပ်သည့်သင်တန်းတို့၌ သင်ကြားလေ့ကျင့်နေမှုအခြေအနေနှင့်စံပြရင်သွေးအိမ်မူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သင်တန်းများကို ခေတ်နှင့်အညီလက်တွေ့ကျွမ်းကျင်မှုကို အလေးထားသင်ကြားပေးရန်၊ အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့်အမျိုးသမီးများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည့် စျေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးအတတ်ပညာများကို ထိရောက်စွာ သင်ကြားပေးရန် မှာကြားသည်။

မြဝတီ

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်



နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၁၃ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဇူလိုင်လ ၁၄ ရက် မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည်ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်အား ဘန်ကောက်မြို့ရှိအစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်ပေါင်းရာချီကြာမြင့်သည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံထားသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက်ဖူဝန်ကေ့ကဲ့ဝို့က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏မယ်တော်မိဖုရားကြီး Her Majestry Queen Sirikit နှင့် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး Princess Bajrakitiyabha တို့ ကံတော်ကုန်လွန်ခဲ့ခြင်းအတွက် ဘန်ကောက်မြို့ရှိ ဘုရင့်နန်းတော်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မြဝတီ

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၅-၇-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

## MWD Variety Channel

၁၅-၇-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၂။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၃။ ၁၆:၂၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၄။ ၁၇:၄၀ ရောင်စုံပျို့သင်းစာပန်းခင်း

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ B- Annex သင်တန်းခန်းမ၌ကျင်းပသည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင် ရေးဆိုင်ရာ ပြည်သူ့ငွေစာရင်းကော်မတီနှင့် စပ်လျဉ်းသည့်သင်တန်းသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးကဏ္ဍကို ဆောင်ရွက် သည့်နေရာတွင် ပြည်သူ့ငွေစာရင်းကော်မတီ သည် အရေးပါသည့် အမြဲတမ်းကော်မတီ တစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းမှတစ်ဆင့် လွှတ်တော်အခန်းကဏ္ဍ မြှင့်မားတိုးတက် ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နိုင် ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ဆို သည်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်က ရွေးကောက်ပွဲမှတစ်ဆင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူ များက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုစည်းရာနေရာ တစ်ခုဖြစ်ပြီး လွှတ်တော်ကော်မတီများက အခြေခံကျသော ဒေါက်တိုင်များဖြစ်ပါ ကြောင်း။

လွှတ်တော်ကော်မတီများအနက် အရေး ပါသည့် အမြဲတမ်းကော်မတီများတွင်ပါဝင် သော ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာစီမံခန့်ခွဲ နိုင်ရန်နှင့် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် အထောက်အကူ ပြုသည့်ကော်မတီဖြစ်သည်နှင့်အညီ ယခု သင်တန်းသည် အရေးကြီးဆုံးသင်တန်း တစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့်နိုင်ငံများတွင် လွှတ်တော် သည် ဥပဒေပြုရေးကို တာဝန်ယူရသည် သာမက ပြည်သူ့ဘဏ္ဍာကိုစောင့်ရှောက် ထိန်းသိမ်းရန်လည်း တာဝန်ရှိပါကြောင်း၊ ပြည်သူများ၏ အခွန်၊ ဝင်ငွေ၊ ချေးငွေနှင့် စုဆောင်းငွေ စသည်တို့ကို လေလွင့်မှုမရှိ စေရန်၊ ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ တော်ကို ကူညီစစ်ဆေးစီမံပေးရပါကြောင်း၊ ထို့ပြင် ပြည်သူ့ဘဏ္ဍာငွေများနှင့်ပတ်သက် ပြီး စစ်ဆေးရန်မှာ လွှတ်တော်၏အခြေခံ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေ စာရင်းကော်မတီ၏အောင်မြင်မှုကို အစိုးရ ဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုပိုမို ကောင်းမွန်လာခြင်းနှင့် ဘဏ္ဍာငွေလေလွင့်မှု နည်းပါးလာခြင်းများဖြင့် တိုင်းတာရမည်ဖြစ် ပြီး ပြည်သူများအတွက် ပိုမိုအကျိုးခံစားခွင့် ရရှိလာမည်လည်း ဖြစ်ပါကြောင်း။

နိုင်ငံတကာလွှတ်တော်များတွင် ဖွဲ့စည်း ထားရှိသော ပြည်သူ့ငွေစာရင်းကော်မတီ သည် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ခံမှု (Accountability)နှင့် ကောင်းမွန် သောအုပ်ချုပ်ရေး (Good Governance) တို့ကိုမြှင့်တင်ပေးသည့်နေရာတွင် အရေး ပါသောယန္တရားအဖြစ် သတ်မှတ်ခံထား ရပါကြောင်း၊ ယနေ့ခေတ်တွင် ငွေအသုံးဝင် မှုတန်ဖိုး (Value of Money)ဟူသည့် အယူ အဆသည် တစ်နေ့ထက်တစ်နေ့ အလွန် အရေးကြီးလာပါကြောင်း၊ ငွေများသည် သုံးစွဲရန်သက်သက်သာမဟုတ်ဘဲ အသုံး စရိတ်များသည် ပြည်သူများအတွက် အမှန် တကယ် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ကို ဆက်လက်သုံးသပ်ရမှာဖြစ်ပြီး ၎င်းသည် Performance Audit ၏ အခြေခံသဘော တရားပင်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များ အနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန် များထဲတွင်ပါရှိသည့်အတိုင်း ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာများအား လေ့လာခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲမှု၊ စီမံကိန်းများအကဲ ဖြတ်မှု၊ ဘေးအန္တရာယ်စီမံမှုနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ နားလည်ထားရန်လိုအပ်ပါကြောင်း၊ ကော်မတီ ၏အကြံပြုချက်များသည် ကောင်းမွန်သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည် ဆောင်ရွက်သင့်ပါကြောင်း၊ ယခုသင်တန်းသည် ငွေစာရင်းဆိုင်ရာ အသိပညာတိုးပွားရေး သာမက ကော်မတီ၏စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လွှတ်တော်၏ စောင့်ကြည့် ထိန်းကျောင်းရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများ ခိုင်မာအားကောင်းစေရေး စသည်တို့အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပို့ချဆွေးနွေးချက်များအပေါ် အာရုံစိုက်ပြီး အပြန်အလှန်မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့ ဘဏ္ဍာငွေများကို ကာကွယ်စောင့်ရှောက် ခြင်းသည် မိမိတို့လွှတ်တော်၏ဂုဏ်သိက္ခာ မြှင့်တင်ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေ စာရင်းကော်မတီသည် ခိုင်မာတောင့်တင်း သည့်လွှတ်တော်အဖြစ် ဖန်တီးနိုင်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့် အထောက်အကူပြု ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပြည်သူ့ ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် (ကော့ကရိတ်မဲဆန္ဒနယ်) က ဆွေးနွေးပို့ချ သည်။

ထို့နောက် ပြည်သူ့ငွေစာရင်းကော်မတီ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချမှု များအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသား လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်း ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော် ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများ ဖတ်ရှု နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် (ငြိမ်း) ဦးအုန်းသန်းကပေးအပ် လှူဒါန်းသည့် အမျိုးသားညီလာခံမှတ်တမ်း များ၊ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့မှအချက်အလက်များကို အခြေခံ ၍ စုဆောင်းတင်ပြထားသော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနှစ်သာရများ အမည်ရှိ စာအုပ် ၅၀ အား လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၂/ ၂၀၂၆) ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးကော်မတီ (၂/၂၀၂၆) ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ မြန်မာ-ထိုင်း နယ်နိမိတ် ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ပွင့်လင်း ရာသီကာလအတွင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးနိုင် ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက် များကို သုံးသပ်ဖော်ထုတ်ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် များကို ဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ်ဇူလိုင်လမှစတင်၍အားအသင့် အတင့်ရှိသော အယ်လ်နီညိုအခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေ အနေသို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသ နှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန် ချက်အရ အပူချိန်မြင့်တက်ခြင်း၊ တောမီး လောင်ကျွမ်းမှုများ အလွယ်တကူဖြစ်ပေါ် နိုင်ခြင်း အခြေအနေများဖြစ်ပေါ်လာနိုင် သဖြင့် ၂၀၂၇ ခုနှစ် ပွင့်လင်းရာသီအတွက် မီးခိုးမြူငွေ့လျှော့နည်းကျဆင်းရေး ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားကြမည့် လုပ်ငန်း များအား သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး Fire Hotspot လျော့ကျမှုအနေဖြင့် အခြေခံနှစ် ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ ပထမခြောက်လအတွင်း Fire Hot- spot ၅၀၅၁၂ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်တွင် Fire Hotspot ၄၄၉၃၁ ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၅၈၁ ကြိမ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင် နှုန်း လျှော့ချနိုင်ခဲ့ကြောင်း သတင်းရရှိ သည်။

မြဝတီ

## ထူးခြားသည့် နေ့အပူချိန်များ

၁၄-၇-၂၀၂၆

| | |
|---|---|
| တံတားဦး | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | |
| မြင်းမူ | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | |
| ကျောက်ဆည် | ၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |

# မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာနှင့်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီတို့သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ တက်ရောက်လေ့လာသည့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာနှင့် တွဲဖက်အတွင်းရေးမှူး(၁) သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးတို့ ဦးဆောင်သည့်အဖွဲ့အား လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ကူညီဆောင်ရွက်နေမှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆုတောင်းပွဲများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းမှုရှိမှသာလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှငြိမ်းချမ်းရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီဝင်များက ပြည်ထောင်စုလွှတ်တော်နာယကနှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့အား အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ ညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့တွင် ရာဇဝတ်အမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၀၆၂၃ မှု၊ လက်ခံရရှိမှု ၁၄၀၂၉၃ မှုဖြစ်ပြီး ၁၄၁၆၀၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉၃၁၅ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၄၇၄၉ မှု၊ လက်ခံရရှိမှု ၁၇၇၀၂ မှုဖြစ်ပြီး ၁၈၂၃၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲအမှု ၂၄၂၂၀ ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၅၇၉၉၅ မှု လက်ခံရရှိပြီး ၁၅၉၈၃၂ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၁ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အမှုများကြန့်ကြာမှုမရှိစေဘဲ ပြီးပြတ်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက် **(ယနေ့)**အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Justin Brady နှင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားရှိသည့် သဘောတူညီမှုစာလွှာ (Letter of Agreement – LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှုထောက်ပံ့ရေးနှင့်ဝန်ကြီးဌာနလက်အောက်ရှိပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် မိုင်းလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် အ.ထ.က (ရဲမွန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အထူးဇုန်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဇုန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚c / | ၃၂˚c |
| ရန်ကုန် | ၂၃˚c / | ၃၃˚c |
| မန္တလေး | ၂၆˚c / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# Myawady In English

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com



## Vice President Daw Nan Ni Ni Aye inspects School for Children with Disabilities, Women's Development Center, and Vocational Training School in Yangon Region



Vice President Daw Nan Ni Ni Aye and party inspect garment sewing training for young women in the Domestic Vocational Training School in Bahan Township, Yangon Region.

NAY PYI TAW July 14

Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar, accompanied by Deputy Ministers Daw San San Nwe and Dr. Thant Zaw Lwin, Yangon Region ministers and officials, today inspected several social welfare and vocational training institutions in Yangon Region, including the School for Children with Disabilities, Care Home for Children with Disabilities, Women's Development Center, Women's Vocational Training School, and Home Science Vocational Training School.

During the morning visit to the School for Children with Disabilities in Mayangone Township, the Vice President was briefed by the Deputy Director General of the Department of Social Welfare on the background, objectives, staffing, capacity, healthcare services, and educational and vocational training programs of the school and care home. The briefing also covered efforts to enhance the intellectual and practical skills of children with disabilities. The Vice President discussed necessary measures with responsible officials, provided cash assistance to the institutions, and presented the support through Deputy Minister Dr. Thant Zaw Lwin, who accepted the contribution and returned a certificate of appreciation.

She later inspected rehabilitation activities, classroom learning programs for different age groups, and care services provided to children with disabilities. She also visited the Metta Sann Eain Coffee Shop, where children receive practical vocational training, along with the dormitories and dining hall. During her interaction with the children, the Vice President encouraged them and instructed officials to implement suitable education programs based on age groups and types of disabilities, ensure proper healthcare and nutrition, provide psychosocial support, maintain a safe learning environment, and cooperate with parents and guardians to support the children's development.

Established on October 6, 1971, the School for Children with Disabilities aims to help children with disabilities live independently and participate in society. The school is currently providing education, care and vocational training to 250 children with disabilities across different age groups.

The Vice President and her delegation next visited the Women's Development Center in Kamayut Township, where the center's officer in charge explained its operations, including vocational training programs, job placement support, healthcare services, and other activities. After discussing the center's requirements with officials, the Vice President provided cash assistance, which was accepted by Deputy Minister Daw San San Nwe, who presented a certificate of appreciation in return.

She then inspected the center's weaving workshop, sewing room, sales outlet displaying handmade textile products, and dormitories. The Vice President instructed officials to continue promoting women's empowerment programs in cooperation with relevant organizations in line with national policies and coordinated measures to support the center's needs.

In the afternoon, the Vice President visited the Women's Vocational Training School in Bahan Township. The school principal briefed her on ongoing programs and activities, after which she discussed matters of interest, provided cash assistance, and toured the school facilities.

She also visited the Home Science Vocational Training School in Bahan Township and observed training programs, including basic and advanced women's garment sewing, home management, flower arrangement, plastic basket weaving, and food preparation courses. She also visited the "Sanpya Yin Thway Eain" Nursery School located within the school compound. The Vice President instructed officials to provide modern, practical, and skill-oriented vocational training, strengthen cooperation with relevant government departments and the private sector to create employment opportunities, and offer market-oriented vocational skills training to help women secure jobs and establish their own livelihoods.

**Myawady**

## With systematic detonation of a 12-storey building used in online scams/gambling in Shwe Kokko area, total number of demolished illegal residential building rises to 73



Preparations for detonation

The illegal 12-storey building used for online scams/gambling in Shwe Kokko area in Myawady District, Kayin State.



Before detonation

The illegal 12-storey building used for online scams/gambling in Shwe Kokko area in Myawady District, Kayin State.

NAY PYI TAW July 14

Permanent demolition of illegal buildings used as bases for online scams/gambling in Shwe Kokko and KK Park in Myawady Township, Kayin State, and systematic destruction of paraphernalia were being carried out by interdepartmental teams and another illegal 12-storey building in Shwe Kokko area was systematically detonated today.

Out of 77 buildings used in online scams/gambling in Shwe Kokko, 57 and 20 were respectively classified as buildings to be demolished by machinery and those to be detonated based on their types and systematic demolition of them was systematically carried out. Out of 20 buildings to be detonated, a 12-storey building was detonated today.

The interdepartmental teams have so far demolished 73 buildings used in online scams/gambling and the remaining four buildings will be systematically demolished.

**100**

# Sagaing Township sets plan to cultivate more than 24,000 acres of rainfed sesame

SAGAING July 14

Agricultural data compiled by Sagaing Township Agriculture Department stated that local authorities earmarked cultivation of more than 24,000 acres of rainfed sesame in Sagaing Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, Sagaing Township plans to cultivate 24,633 acres of rainfed sesame, and at present, farmland is being ploughed in preparation for cultivation.

"This year, during the monsoon crop cultivation season in Sagaing Township, we are targeting the cultivation of more than 24,000 acres of rainfed sesame. Preparations are currently underway for planting within this month. Efforts will also be made to ensure the full targeted acreage is achieved. Measures are being undertaken to expand sesame cultivation areas, improve yields, and promote cultivation using GAP methods," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture will provide awareness and technical support to rainfed sesame farmers in Sagaing Township on expanding sesame cultivation, applying proper cultivation techniques, using GAP methods, selecting quality pure seeds, and cultivating high-yield seed varieties.



Crops produced under the GAP system offer advantages over crops grown using other cultivation methods, including better quality, higher prices, and opportunities for sale not only in domestic markets but also in export markets. As a result, farmers cultivating crops under the GAP system are expected to gain greater economic benefits and improve their socio-economic living standards.

SMK

# Mawlamyinegyun Township sells large volume of featherback fish to Yangon market

MAWLAMYINEGYUN July 14

Local merchants from Mawlamyinegyun Township of Ayeyawady Region supplies a large volume of featherback fish to Yangon market said Daw Htay Htay Aye, the owner of seafood trading depot in Mawlamyinegyun Township.

Fishery product traders from Mawlamyinegyun Township are systematically inspecting and exporting featherback fish to the Yangon market, according to reports.

"Since around the first week of last month, exports of featherback fish to the Yangon market have been strong. During the past month alone, we exported and sold up to 74,000 viss of featherback fish. These are high-quality fish. Orders for featherback fish from the Yangon market have been increasing since March. Because larger quantities of fish are now being exported, everyone connected with the fishery business is seeing improved conditions," said Daw Htay Htay Aye.



The increased exports and sales of fishery products, including featherback fish, from Mawlamyinegyun Township to the Yangon market over the past month have benefited traders and fishery workers alike.

SMK

# Pantanaw Township dispatches 58,000 bags of rice bran to Yangon market

PANTANAW July 14

Merchants from Pantanaw Township of Ayeyawady Region sold 58,000 bags of rice bran to Yangon market said Daw Moe Thuza, the owner of rice, paddy and bran trading depot in Pantanaw Township.

Pantanaw Township was able to transport and sell 58,000 bags of 24-pyi bran to the Yangon market.

"During the past month, we transported and sold up to 58,000 bags of 24-pyi bran to the Yangon market. Bran is a by product obtained from rice milling and is widely used domestically as animal feed. There is also an export market for it. At present, since newly harvested paddy is still limited, bran output also remains low. Even during this May, demand from Yangon for bran bags has remained strong. Because livestock breeding businesses are operating actively, trading of bran bags in the Yangon market has become more favorable like this. As demand improves, both farmers and mill operators are able to run their businesses more smoothly," said Daw Moe Thuza.

Bran produced in Pantanaw Township is mainly purchased by local livestock breeders and is also transported and sold to the Yangon market. The price has reached up to Ks-2.85 million per 100 bags of bran. The bran is used domestically as feed for fish, chickens, pigs and ducks in livestock farming activities. SK

# Taze Township to plant more than 8,000 acres of maize and sweet corns in coming monsoon

TAZE July 14

According to YeU District Agriculture Department, local farmers will cultivate more than 8,000 acres of maize and sweet corns as cold season crops in Taze Township of Sagaing Region.

During the 2026-2027 monsoon crop planting season, Taze Township has targeted the cultivation of 7,157 acres of maize and 1,016 acres of sweet corn, for a total of 8,173 acres. Planting will begin in June this year and continue through December.

"This coming monsoon planting season, Taze Township is targeting the cultivation of more than 8,000 acres of maize and sweet corn. Efforts will be made to ensure the full target acreage is achieved. Educational activities will also be carried out to help corn crops grow successfully and to prevent pest and disease infestations," said U Zaw Myint Tun, head of the YeU District Agriculture Department.

This year, the Township Agriculture Department will provide training and conduct field demonstrations for maize and sweet corn farmers in Taze Township. Awareness programs will also be carried out on preventive measures against fall armyworm infestations, integrated crop protection systems, and the use of neem-based pesticides as well as ginger- and chilli-based pest control solutions.

In Taze Township, maize cultivation reportedly yields more than 50 baskets per acre, with cultivation costs of about Ks-500,000 per acre. Sweet corn cultivation produces around 15,000 ears per acre, while cultivation costs exceed Ks-500,000 per acre.

SK

# Trump backed Saudi strikes on Yemen – Axios

WASHINGTON July 14

US President Donald Trump has given Saudi Arabia the green light for a renewed military operation against Yemen's Houthi movement, Axios has reported, citing US officials.

The report follows the most serious escalation between Saudi Arabia and the Houthis in years, which according to the outlet, could mark the collapse of an unofficial truce between the parties and risk widening the conflict between the US and Iran.

Sanaa International Airport, which is controlled by the Yemeni group, was struck on Monday as an Iranian aircraft reportedly carrying a Houthi delegation home from the funeral of former Supreme Leader Ali Khamenei approached the capital. The plane was forced to divert to the Red Sea port city of Al Hudaydah.

The Houthis accused Riyadh of launching the strike and declared that their ceasefire with Saudi Arabia was over. The group subsequently fired ballistic missiles and drones at Abha International Airport in southwestern Saudi Arabia and warned airlines against using Saudi airspace.

According to Axios, Riyadh sought Washington's backing several days before the strike. The Saudi ambassador met US Secretary of State Marco Rubio on Thursday, and Rubio spoke with the Saudi foreign minister. Trump then held a phone call with Crown Prince Mohammed bin Salman, who requested and received his backing for the operation, a US official told the outlet.

The Saudi-backed Yemeni government later claimed responsibility for the operation and denied that Riyadh had been involved. Several media reports, however, attributed the attack to Saudi Arabia, which has not officially acknowledged carrying it out.

Sanna was seize by the Houthis, an Iran-aligned Shiite movement, in 2014, prompting a Saudi-led military intervention the following year. A UN-brokered truce introduced in April 2022 formally expired after six months but largely halted direct cross-border hostilities. **RT**

# Oil surges as U.S. reinstates Iran naval blockade

NEW YORK July 14

Crude oil futures prices surged over 9 percent on Monday after U.S. President Donald Trump said that the United States was reinstating a naval blockade on Iran in the Strait of Hormuz.

The West Texas Intermediate for August delivery increased by 6.73 U.S. dollars, or 9.42 percent, to settle at 78.14 dollars a barrel on the New York Mercantile Exchange. Brent crude for September delivery gained 7.29 dollars, or 9.59 percent, to settle at 83.30 dollars a barrel on the London ICE Futures Exchange.

"We are reinstating the THE IRANIAN BLOCKADE, so named because it is only stopping Iran's ships or customers from entering or leaving," Trump wrote on Truth Social.

Traffic through the strait has plummeted as renewed strikes between the United States and Iran heightened safety concerns. Maritime data firm Kpler said 14 ships transited the strait on Sunday, the fewest in a month.




"What we are witnessing is more than just a short-term technical rebound. It represents a clear repricing of geopolitical risk within the energy market," Rania Gule, market analyst at online trading platform XS.com, said in a note.

The market has reacted not only to military developments but also to the growing possibility of disruptions to oil flows, according to Gule.

Prices are likely to remain well supported as long as geopolitical tensions persist and no meaningful diplomatic breakthrough emerges, said Gule.

The world's oil reserves have been significantly depleted by the previous blockade of the Strait of Hormuz, and another blockade could serve as a serious bullish catalyst for oil prices, quickly pushing them towards levels seen in April and May, said Vladimir Zernov, analyst with market information supplier FX Empire. **Xinhua**

# Iran's New Supreme Leader backs stronger ties with Russia

TEHRAN July 14

Iran is ready to remove obstacles to the implementation of joint projects with Russia, Iranian President Masoud Pezeshkian's office said on Monday.

"During a meeting with Russian Energy Minister Sergey Tsivilev, the president emphasized the need to intensify the implementation of strategic agreements between Tehran and Moscow, declaring Iran's readiness to remove obstacles to the implementation of joint projects," the office said in a statement.

Iran's Supreme Leader Mojtaba Khamenei advocates for stronger ties with Russia, the statement said. **Sputnik**

# 9 fishermen confirmed dead after trawler missing in E. India

NEW DELHI July 14

The bodies of nine fishermen had been recovered in India's eastern state of West Bengal, while six others remained missing, after a trawler carrying them had gone missing on July 2 amid rough weather, said a state government official on Tuesday.

The incident was reported from West Bengal's Sundarbans area, famous for marshy mangrove forests. The ill-fated fishermen hailed from Digha, Nadia, Howrah, East Medinipur areas of West Bengal, and also from the neighbouring state of Odisha.



The rescue operation was still being carried out by the personnel of the Indian Coast Guard, the Indian Navy, the West Bengal Police, the state's fire department and the forest department to locate the missing fishermen.

According to media reports, a group of 15 fishermen had left for fishing on July 2, and thereafter, there was no contact with them for almost a week. Finally, a connection with them was established on July 8 when they gave a distress call saying that their trawler's engine was non-functional. Efforts were made to locate them, but in vain. **Xinhua**

# Croatia sees sharp rise in wildfires

ZAGREB July 14

Croatia's fire season this year will be one of the toughest in recent history, with the number of wildfires up nearly 22 percent compared with the same period last year, Croatia's chief fire commander Slavko Tucakovic said on Tuesday.

Speaking at a parliamentary committee session, Tucakovic said the estimated burned area has also sharply increased by almost 80 percent year-on-year, according to the Croatian news agency Hina.

"This year we are facing a new phenomenon - dry thunderstorms that are not accompanied by rain. This is something our system needs to adapt to. These storms always occur in inaccessible areas, so it is crucial to keep building roads and access routes," Tucakovic said.

A prolonged spell of extreme heat in Croatia has contributed to several wildfires, particularly along the Adriatic coast, where firefighters have been battling blazes fueled by high temperature, dry vegetation and strong wind.

Last week, a large fire broke out on the island of Korcula in southern Croatia, burning some 900 hectares of land.

Croatia is also bracing for further possible wildfires. As part of preparations, some firefighters have been redeployed from the mainland to coastal areas. Tucakovic has also announced plans to hire 1,000 seasonal firefighters. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 54 Verb + to … (decide to … / forget to … etc.)

**A** After these verbs you can use **to** … (infinitive):

| | | | |
|---|---|---|---|
| offer | plan | manage | deserve |
| agree | arrange | fail | afford |
| refuse | hope | promise | learn |
| decide | forget | threaten | tend |

- It was a long way to walk, so we **decided to take** a taxi home.
- Simon was in a difficult situation, so I **agreed to help** him.
- I waved to Karen, but **failed to attract** her attention.
- I like Dan, but I think he **tends to talk** too much.
- How old were you when you **learnt to drive**?
  or … learnt **how** to drive?



Dan **tends to talk** too much.

The negative is not to … :

- **We decided not to go** out because of the weather.
- I **promised not to be** late.

After some verbs, we use **-ing** (not to …). For example, **enjoy/think/suggest:**

- I enjoy reading. (not enjoy to read)
- Andy **suggested meeting** for coffee. (not suggested to meet)
- Are you **thinking of buying** a car? (not thinking to buy)

For verb + **-ing**, see Units 53 and 62.

**B** After **dare** you can use the infinitive with or without **to**:

- I didn't **dare to tell** him. or I didn't **dare tell** him.

But after **dare not** (or **daren't**), we do not use **to**:

- I **daren't tell** him what happened. (not I daren't to tell him)

**C** We also use **to** … after **seem**, **appear**, **pretend** and **claim**. For example:

- They **seem to have** plenty of money.
- Ann **pretended not to see** me when she passed me in the street.

You can also use **to be -ing** (continuous infinitive) and **to have** (**done**) (perfect infinitive):

- I **pretended to be reading** the newspaper. (= I pretended that I **was reading**)
- Have you seen my keys? I **seem to have lost** them. (= it seems that I **have lost** them)
- She **claimed not to have seen** me. (= she claimed that she **hadn't seen** me)

**D** After these verbs you can use a question word (**what/how** etc.) + **to** … .

**ask** **know** **decide** **remember** **forget** **learn** **explain** **understand** **wonder**

For example:

| | | | |
|---|---|---|---|
| We **asked** | **how** | **to get** | to the station. |
| Have you **decided** | **where** | **to go** | on holiday? |
| I don't **know** | **whether** | **to apply** | for the job or not. |
| Do you **understand** | **what** | **to do?** | |

also
**show/tell/ask/advise/teach** somebody **what/how/where** to do something:

- Can somebody **show me how to use** this camera?
- Ask Jack. He'll **tell you what to do**.

Verb + -ing ➔ Unit 53 Verb + object + to … (want etc.) ➔ Unit 55
Verb + to … and -ing ➔ Units 55C, 56–58

Raymond Murphy

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၇ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသောအသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

---

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ


ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ






ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးနေပုံ





**▲ ကျောဖုံးမှအဆက်**

အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ ၂၀ လုံးအနက် ၁၂ ထပ်အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၃ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

**▼ ရမည်းသင်းမြို့မှ**

အသုံးပြုသည့် SHAYAN အမျိုးအစား ဆိုင်ကယ်(၁)စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင်လ ၇ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရမည်းသင်းမြို့၊ သီလဝ(၃)ရပ်ကွက်နေ မောင်သိန်း(ခ)ချစ်တီး(၄၅)နှစ်အား ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၌လည်းကောင်း၊ ဇင်မျိုးအောင်(ခ)ဖိုးလ(၂၇)နှစ်အား ရမည်းသင်းမြို့နယ်၊ သဲချောင်းကျေးရွာရှိနေအိမ်၌ စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် NISSAN TERRANO အမျိုးအစား မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင်လ ၇ ရက် ည ၇ နာရီခွဲတွင် ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ရမည်းသင်းမြို့နယ်၊ သဲချောင်းရွာနေ ဇင်ထက်အောင်(၃၅)နှစ်နှင့် စိုင်းထက်သွေး(၂၁)နှစ်တို့ ၂ ဦးကို ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၃၅ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချစ်မိုးဆန်း၊ မောင်သိန်း(ခ)ချစ်တီးနှင့် ဇင်မျိုးအောင်(ခ)ဖိုးလတို့ကိုလည်းကောင်း၊ ဇင်ထက်အောင်နှင့် စိုင်းထက်သွေးတို့ကိုလည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**မြဝတီ**

**■ ချန်ပီယံရောဝတီအသင်းမှ**

မြဝတီအသင်းသည်လည်း ရတနာပုံအသင်းကိုနိုင်ပွဲရထားသည့်အသင်းဖြစ်၍ နိုင်ပွဲရအသင်းနှစ်သင်းဆုံတွေ့ကြသည့် ပြိုင်ပွဲတစ်ပွဲဖြစ်သော်လည်း သူတို့နှစ်သင်း ပြီးခဲ့သည့်ရာသီတွေ့ဆုံမှုနှစ်ကျော့လုံးတွင် ရောဝတီအသင်းကသာ အနိုင်ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲတွင်ပထမပိုင်းပွဲစသည်နှင့်အင်အားကြီးချန်ပီယံရောဝတီအသင်းက တိုက်စစ်အားကောင်းကောင်းဖြင့်ပြိုင်ဘက်အသင်းကိုဖိအားပေးကစားလာ၍ မြဝတီအသင်း တိုက်စစ်ထက်ခံစစ်ကိုဦးစားပေးကစားခဲ့ရသည်။

လျင်မြန်သည့် ရောဝတီအသင်းတိုက်စစ်ကို မြဝတီနောက်တန်းနှင့် ဂိုးသမားတို့ အကြိမ်ကြိမ်ဟန့်တားဖျက်ထုတ်ကာကွယ်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၂၃ မိနစ်တွင် ဧတာရှင်း၏ ဦးဆောင်ဂိုးကိုခွင့်ပြုပေးလိုက်ရသည်။

ရောဝတီအသင်း တိုက်စစ်အားမချဘဲ မြဝတီအသင်းကို ဆက်လက်ဖိအားပေးကစားခဲ့ရာ ပထမပိုင်းပြီး၍နားကျင်အချိန်ပိုတွင် ရီတူပေါ်နာရဲ့ပေးပို့မှုကနေ ဧတာရှင်းကပင် ဒုတိယဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် ရောဝတီအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် ချေပဂိုးရရှိရေး မြဝတီအသင်းလူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်မြှင့်ကစားခဲ့သည်။ ရောဝတီအသင်းသည်လည်း ချန်ပီယံပီပီအပေးအယူအချိတ်အဆက်မိမိဖြင့် တိုက်စစ်ဆင်ကစားခဲ့ရာ သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် ပြိုင်ပွဲကပို၍ကြည့်ကောင်းလာသည်။ ပွဲကစားချိန် မိနစ် ၅၀ တွင် ရောဝတီနောက်တန်းခံစစ်လက်ထိဘောကနေ မြဝတီအသင်းပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့၍ ချေပဂိုးရရှိမည့် အခွင့်အရေးတစ်ရပ်ဆုံးရှုံးခဲ့ရသည်။ သို့သော် ချေပဂိုးရရှိရေးစိတ်အားထက်သန်နေသည့်မြဝတီအသင်း ပွဲကစားချိန် ၅၅ မိနစ်အရောက်တွင် ပုံ့ပုံ့ပြည့်မောင်က အဝေးကနေ ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲကစားချိန်များတွင် မြဝတီအသင်း ချေပဂိုးထပ်မံရရှိရေး အကြိတ်အနယ်ကစားခဲ့သလို ရောဝတီအသင်းကလည်း တိုက်စစ်အားမချဘဲ ပြိုင်ဘက်နောက်တန်းခံစစ်ကို အကြိမ်ကြိမ်ထိုးဖောက်ဝင်ရောက်ခဲ့ပေမယ့် တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးခဲ့သဖြင့် ရောဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက ငါးဂိုးပြတ်သွင်း၍ ရန်ကုန်စီးတီးအသင်းကို အနိုင်ရရှိသွားသည်။

ပွဲစဉ်(၅)ပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်သည့် ဇူလိုင်လ ၁၅ ရက် **(ယနေ့)** တွင် ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **ဝန်းရံခ**

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမေရိကန်က အီရန်ကို ရေတပ်ပိတ်ဆို့မှုလုပ် ကမ္ဘာ့ရေနံဈေးနှုန်းများ ၉ ရာခိုင်နှုန်းကျော်မြင့်တက်လာ




**နယူးယောက်၊ ကုန်ဈေးနှုန်း**

အမေရိကန်က အီရန်ကို ရေတပ်ပိတ်ဆို့မှုများပြန်လည်လုပ်ဆောင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဇူလိုင်လ ၁၃ ရက်တွင် ကြေညာပြီးနောက် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများမှာ ၉ ရာခိုင်နှုန်းကျော်အထိမြင့်တက်လာကြောင်းသိရသည်။

နယူးယောက်ကုန်စည်ဒိုင်တွင် ဩဂုတ်လအတွက် WTI ရေနံစိမ်းဈေးနှုန်းမှာတစ်စည်လျှင် ၆ ဒသမ ၇၃ ဒေါ်လာ၊ ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၇၈ ဒသမ ၁၄ ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ လန်ဒန် ICE ကုန်စည်ဒိုင်ရှိ Brent ရေနံစိမ်းဈေးနှုန်းမှာလည်း ၉ ဒသမ ၅၉ ရာခိုင်နှုန်းအဖြစ် ၇ ဒသမ ၂၉ ဒေါ်လာအထိ မြင့်တက်ကာ ရေနံစိမ်းတစ်စည်လျှင် ၈၃ ဒသမ ၃၀ ဒေါ်လာဖြစ်လာသည်။

"ကျွန်တော်တို့က အီရန်အပေါ် ရေတပ်ပိတ်ဆို့မှုကိုပြန်လည်သက်ဝင်စေပါပြီ။ ဒါဟာ အီရန်သင်္ဘောတွေ ဒါမှမဟုတ် သူတို့ရဲ့ ဖောက်သည်တွေ ရေလမ်းကြောင်းအတွင်း အဝင်အထွက်မလုပ်အောင်တားဆီးဖို့ပဲဖြစ်ပါတယ်" ဟု ထရမ့်က ၎င်း၏လူမှုကွန်ရက်တွင်ရေးထားသည်။ ဇူလိုင်လ ၁၂ ရက်တွင် ရေလက်ကြားမှဖြတ်သန်းသည့် သင်္ဘော ၁၄ စင်းသာရှိကြောင်းသိရသည်။

**Ref: Xinhua**

# ဘင်္ဂလားဒေ့ရှ်၌ ရေကြီးမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှုများမြင့်တက်လာ



**ဒါကာ၊ သဘာဝဘေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုများကြောင့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကဲ့သို့ ကူးစက်တတ်သည့်ရောဂါဖြစ်ပွားမှုများမြင့်တက်လာနေကြောင်း သိရသည်။

နိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပွားသည့် ရေကြီးမှုများနှင့်မြေပြိုမှုများကြောင့် လူ ၅၀ ကျော်သေဆုံးထားသည့်အပြင် ကူကယ်ရာမဲ့နေသူပေါင်း ၁ သန်းကျော်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် ရေပေးဝေရေးနှင့်မိလ္လာစနစ်စုစုပေါင်း ၁၀၇၀၀ ကျော်မှာ ပျက်စီးမှုများဖြစ်ပွားလျက်ရှိသောကြောင့် ဘေးကင်းသောသောက်သုံးရေနှင့် အရေးကြီးသောကယ်ဆယ်ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ရောက်ရှိသည်အထိ ပို့ဆောင်ပေးရေးသည် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ကြက်ခြေနီနှင့်လခြမ်းနီအပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်းမှ ဌာနညွှန်ကြားရေးမှူး ဆိုနက်ရှိဒေးကပြောထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မတ်လမှစ၍ ဝက်သက်ရောဂါကူးစက်မှုများနှင့်လည်း ရင်ဆိုင်နေရပြီး လက်ရှိအချိန်အထိ ထိုရောဂါကူးစက်မှုကြောင့် လူ ၇၅၀ နီးပါး သေဆုံးထားကြောင်းသိရသည်။

**Ref: AGC**

# ကွန်ဂို၌ အီဘိုလာကူးစက်မှုက တရားဝင်ထုတ်ပြန်ချက်ထက် လေးဆခန့်ပိုမိုများပြားနိုင်ဟု WHO ပြော

**ဂျီနီဗာ၊ ကျန်းမာရေး**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကူးစက်ပျံ့နှံ့လျက်ရှိသည့် အီဘိုလာရောဂါကူးစက်မှုပမာဏသည်တရားဝင်ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများထက် လေးဆခန့် ပိုမိုများပြားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇူလိုင်လ ၁၄ ရက်တွင် သတိပေးသည်။

ကွန်ဂိုအစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ ပြီးခဲ့သည့်နှစ်လခန့်က ရောဂါပိုးစတင်တွေ့ရှိချိန်မှစ၍ လက်ရှိအချိန်အထိ အီဘိုလာရောဂါကူးစက်ခံရသူ ၁၉၆၀ ကျော်ရှိနေပြီး သေဆုံးသူ ၇၀၀ ကျော်ရှိပြီဟုသိရသည်။

သို့သော် WHO ၏စစ်တမ်းတွက်ချက်မှုပုံစံများအရ လက်ရှိကူးစက်မှုအခြေအနေသည် ယခုတွေ့ရှိရသည့် လူနာအရေအတွက်ထက် အနည်းဆုံး နှစ်ဆမှ လေးဆအထိ ပိုမိုများပြားနိုင်သည်ဟု WHO ၏ အရေးပေါ်အခြေအနေဆိုင်ရာ ညွှန်ကြားရေးမှူး ချီကွေအီဟက်ကွေဇူးကပြောသည်။

တရားဝင်ကိန်းဂဏန်းများအရဆိုလျှင်ပင် ယခုဖြစ်ပွားမှုသည် သမိုင်းတစ်လျှောက်တတိယမြောက်အကြီးမားဆုံး အီဘိုလာကူးစက်မှုဖြစ်နေပြီး ကူးစက်ပျံ့နှံ့မှုနှုန်းသည်လည်း ယခင်ကြုံတွေ့ခဲ့ဖူးသမျှထက် အမြန်ဆုံးဖြစ်နေကြောင်း ၎င်းကဖြည့်စွက်ပြောသည်။

အဆိုပါအီဘိုလာရောဂါကူးစက်မှုသည် လက်ရှိတွင် ကွန်ဂိုပြည်နယ် ၅ ခုနှင့် အိမ်နီးချင်းယူဂန်ဒါနိုင်ငံတို့အထိ ပျံ့နှံ့နေသော်လည်း ကူးစက်မှု ၉၀ ရာခိုင်နှုန်းကျော်မှာ အီတူရီပြည်နယ်တွင်သာ ဖြစ်ပွားနေခြင်းဖြစ်သည်။ ယခုကူးစက်နေသော အီဘိုလာရောဂါသည်အသိအမှတ်ပြုကာကွယ်ဆေး သို့မဟုတ် ကုသဆေးမရှိသေးသည့်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**Ref: ST**



# ထရမ့်ကြောင့် ရေနံတင်သင်္ဘောကြီး တစ်စင်းလျှင် ရေလက်ကြားဖြတ်သန်းခ ဒေါ်လာသန်း ၃၀ ပေးဆောင်ရဖွယ်ရှိနေ

**ဝါရှင်တန်၊ စီးပွားရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏တောင်းဆိုထားမှုကြောင့် ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းမည့် ရေနံတင်သင်္ဘောကြီးများအနေဖြင့် ရေလက်ကြားဖြတ်သန်းခအဖြစ် ဒေါ်လာသန်း ၃၀ ကိုပေးဆောင်ရဖွယ်ရှိနေသည်။

ဟော်မုဇ်ရေလက်ကြားမှဖြတ်သန်းသွားမည့် အကြီးစားရေနံတင်သင်္ဘောများအနေဖြင့် တင်ဆောင်လာသည့်ကုန်တန်ဖိုးစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ရေလက်ကြားဖြတ်သန်းခအဖြစ်ပေးရန် ထရမ့်က တောင်းဆိုထားခြင်းဖြစ်သည်။

ထိုရေနံတင်သင်္ဘောများသည် ရေနံစိမ်းစည်နှစ်သန်းခန့်ကိုတင်ဆောင်နိုင်သောကြောင့် ဈေးကွက်ပေါက်ဈေးအဖြစ် တစ်စည်လျှင် ဒေါ်လာ ၈၀ သတ်မှတ်ကာ ကုန်ပစ္စည်းတန်ဖိုးစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် ဟော်မုဇ်ရေလက်ကြားကိုကြီးစိုးထားသည့် အီရန်နိုင်ငံကမူ ရေနံတင်သင်္ဘောကြီးတစ်စင်းလျှင် အများဆုံးအနေဖြင့် ဒေါ်လာ ၂ သန်းကိုသာ ဖြတ်သန်းခကောက်ခံနေခြင်းဖြစ်သည်ဟု သိရှိသူများကပြောသည်။

ယခုအခါ အမေရိကန်အစိုးရက ဟော်မုဇ်ရေလက်ကြားကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ ကုန်သင်္ဘောများဘေးကင်းအောင်စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ အပြန်အလှန်အနေဖြင့် ထိုသင်္ဘောများက ဖြတ်သန်းခကိုပေးရမည်ဖြစ်ကြောင်း ထရမ့်ကပြောထားသည်။

**Ref: ST**

# ဘာဗီမုန်တိုင်းကြောင့် လျောင်နင်ပြည်နယ်၌ လူ ၂၆၀၀၀၀ ကျော်ကို ဘေးကင်းရာရွှေ့ပြောင်း



**ပေကျင်း၊ သဘာဝဘေး**

ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သော မုန်တိုင်းများအနက် အပြင်းထန်ဆုံးမုန်တိုင်းဖြစ်သည့် ဘာဗီမုန်တိုင်းသည် နိုင်ငံအရှေ့မြောက်ပိုင်းသို့ ဆက်လက်ဦးတည်ရွေ့လျားသွားစဉ် လျောင်နင်ပြည်နယ်၌ ရေကြီးမှုများဖြစ်ပွားသည့်အတွက် လူ ၂၆၀၀၀၀ ကျော်ကိုဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားရကြောင်းသိရသည်။

မုန်တိုင်း၏အရှိန်ကြောင့် ဇူလိုင်လ ၁၄ ရက်အထိ မိုးသည်းထန်စွာဆက်လက်ရွာသွန်းလျက်ရှိရာ အချို့ဒေသများတွင် ရုတ်တရက်ရေကြီးမှုများဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ပြင်သစ်နိုင်ငံ၏အရွယ်အစားရှိသည့်ဘာဗီမုန်တိုင်းသည် ဇူလိုင်လ ၁၁ ရက်ညတွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်သော်လည်း ဇူလိုင်လ ၁၃ ရက်အထိ မုန်တိုင်း၏အရွယ်အစားမှာ ပြောင်းလဲသွားခြင်းမရှိကြောင်းသိရသည်။

**Ref: ST**

# တောင်တရုတ်ပင်လယ်အရေး တရားမဝင်ဆုံးဖြတ်ချက်ကိုမထောက်ခံရန် တရုတ်တိုက်တွန်း

**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နှင့် ဥရောပသမဂ္ဂကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမထိခိုက်စေရန် တောင်တရုတ်ပင်လယ်နှင့် ပတ်သက်၍ ပြောဆိုလုပ်ရှားမှုများတွင် သတိပြုဆင်ခြင်ရန်နှင့် "တရားမဝင်ဆုံးဖြတ်ချက်" ကိုထောက်ခံအားပေးနေမှုများရပ်တန့်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၄ ရက်တွင် ဥရောပကိုတိုက်တွန်းသည်။

ဥရောပသည် တောင်တရုတ်ပင်လယ်အရေးတွင် ပါဝင်ပတ်သက်မှုမရှိသည့်အတွက် တရုတ်နိုင်ငံ၏ ပိုင်နက် အချုပ်အခြာအာဏာနှင့် ရေပိုင်နက်ဆိုင်ရာ အခွင့်အရေး၊ အကျိုးစီးပွားများနှင့် ပတ်သက်ပြီး ဝေဖန်ပြောဆိုပိုင်ခွင့်မရှိဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

**Ref: ST**

# အကျိုးစီးပွားနဲ့ ရပိုင်ခွင့်တို့ ထိပ်တိုက်တွေ့ကြသောအခါ - ၁

## ဖိလစ်ပိုင်က မီဒီယာမျက်နှာစာကို ဒီလိုအသုံးချပြီး ကစားကွက်ခင်းနေတဲ့အချိန် တရုတ်အစိုးရဘက်ကတော့ ဒေသတွင်း ရေရှည်တည်ငြိမ်ရေးအတွက် စည်းမျဉ်းစည်းကမ်းတွေ၊ မူဘောင်တွေ သတ်မှတ်နိုင်ဖို့ကိုပဲ အဓိကအားစိုက်ထုတ်ခဲ့




တောင်တရုတ်ပင်လယ်ပြင်ဒေသဟာ ဒီနေ့ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေးစစ်တုရင်ခုံပေါ်မှာ အပူဆုံးနဲ့အရှုပ်ထွေးဆုံး မီးလျှံတစ်ခုဖြစ်လာနေပါတယ်။ အဲဒီဒေသကို အခြေခံပြီးဖြစ်ပေါ်လာတဲ့ နိုင်ငံတကာပဋိပက္ခတွေ၊ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုတွေဟာ ရိုးရိုးရှင်းရှင်းနယ်နိမိတ်လုပွဲတစ်ခုမျှသာမဟုတ်တော့ပါဘူး။

အထူးသဖြင့် ဖိလစ်ပိုင်အစိုးရက ကျင့်သုံးနေတဲ့ ပွင့်လင်းမြင်သာမှုရှိရှိ တုံ့ပြန်ခြင်းဆိုတဲ့ မဟာဗျူဟာမြောက် ကစားကွက်ကြီးက သူ့နည်းသူ့ဟန်၊ သူ့ကစားကွက်နဲ့သူ သပ်သပ်ရပ်ရပ်အလုပ်လုပ်နေတာကို တွေ့ရမှာပါ။

အဲဒီဗျူဟာက တရုတ်နိုင်ငံရဲ့နယ်မြေထိန်းချုပ်တုံ့ပြန်ပုံတွေဖြစ်တဲ့ ရေပိုက်နဲ့ဖျန်းတာ၊ ပိတ်ဆို့တာ ဒါမှမဟုတ် ဖိလစ်ပိုင်ဘက်က တရုတ်နိုင်ငံရဲ့ မီးခိုးရောင်ဇုန်နည်းလမ်းများလို့သတ်မှတ်ထားတဲ့လုပ်ရပ်တွေကို အသေးစိတ်မှတ်တမ်းတင်၊ ဗီဒီယိုရိုက်ပြီး ကမ္ဘာသိအောင်ပွင့်ပွင့်လင်းလင်းချပြတဲ့ နည်းလမ်းပဲဖြစ်ပါတယ်။

တကယ်တော့ ဖြစ်စဉ်တွေရဲ့နောက်ခံသမိုင်းကိုသေချာပြန်ကြည့်ရင် ၂၀၂၃ ခုနှစ်ကစလို့ ဖိလစ်ပိုင်ဟာ တရုတ်ဘက်က ရန်အိုင်ကျောင်းလို့ခေါ်ပြီး သူတို့ဘက်က ဒုတိယသောမတ်သောင်ခုံလို့ သတ်မှတ်ထားတဲ့အငြင်းပွားရေပြင်ထဲတမင်တကာ ရည်ရွယ်ချက်ရှိရှိ ကျူးကျော်ဝင်ရောက်ခဲ့တာပါ။

သူတို့ရဲ့ ရည်ရွယ်ချက်ကရှင်းပါတယ်။ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့နဲ့ ရေတပ်သင်္ဘောတွေဘက်က သူတို့ကိုလာတားဆီးတာ၊ လမ်းကြောင်းပိတ်တာ ဒါမှမဟုတ် ရေအမြောက်နဲ့ ပက်တာမျိုးတွေ လုပ်လာအောင် တမင်သက်သက် ရန်စခြင်းဖြစ်ပါတယ်။ ဒီအခြေအနေမှာ အဓိကသော့ချက်က သူတို့သင်္ဘောပေါ်မှာ အသင့်ခေါ်လာတဲ့ ပြည်တွင်းပြည်ပမီဒီယာတွေကို အသုံးချဖို့ပါပဲ။

မီဒီယာတွေက အဲဒီလိုမျိုးထိပ်တိုက်တွေ့မှုမြင်ကွင်းတွေကို ပိုပြီးဆွဲဆောင်မှုရှိအောင်တည်းဖြတ်ကာ ဗီဒီယိုအတိုလေးတွေလုပ်ပြီး အင်တာနက်လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ပျံ့နှံ့သွားအောင်လို့ ကမ္ဘာအနှံ့ ဖြန့်ချလိုက်ကြပါတယ်။ အဲဒီဗီဒီယိုကလစ်တွေက ကမ္ဘာ့ပြည်သူတွေရဲ့စိတ်ထဲမှာ “တရုတ်နိုင်ငံကအနိုင်ကျင့်တဲ့လူမိုက်ကြီးဖြစ်ပြီး ဖိလစ်ပိုင်ကသနားစရာကောင်းကာ ကူရာကယ်ရာမဲ့နေတဲ့ သားကောင်လေး” ဆိုတဲ့ ပုံရိပ်မျိုး၊ သဘောထားအမြင်မျိုးဖြစ်လာအောင် ပရိယာယ်ဆင်ဖန်တီးလိုက်တာဖြစ်ပါတယ်။ ဒါဟာ ဖိလစ်ပိုင်အစိုးရရဲ့ ပြည်သူ့ဆက်ဆံရေးဗျူဟာရဲ့အဓိကကျတဲ့အချက်ဖြစ်ပါတယ်။

ဖိလစ်ပိုင်ဘက်က ကမ္ဘာ့အလယ်မှာ အခုလိုမျိုး တမင်တကာ အော်ဟစ်ပြနေရတဲ့နောက်ကွယ်မှာ သူတို့ရဲ့ ပြည်တွင်းနိုင်ငံရေးတွက်ချက်မှုတွေနဲ့ ကိုယ်ကျိုးစီးပွားတွေများစွာရှိနေပါတယ်။ အဓိကက ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့အတွက် လိုအပ်နေတဲ့ စစ်လက်နက်ပစ္စည်းတွေ၊ အဆင့်မြင့်သင်္ဘောတွေနဲ့ ခေတ်မီစက်ကိရိယာတွေဝယ်ယူနိုင်ဖို့ ဖိလစ်ပိုင်လွှတ်တော်ဆီကနေ အသုံးစရိတ်ပိုပြီးရချင်လို့ အကွက်ချ ပြဇာတ်ခင်းတာလည်းဖြစ်ပါတယ်။

ဖိလစ်ပိုင်က မီဒီယာမျက်နှာစာကိုဒီလို အသုံးချပြီး ကစားကွက်ခင်းနေတဲ့အချိန် တရုတ်အစိုးရဘက်ကတော့ ဒေသတွင်း ရေရှည်တည်ငြိမ်ရေးအတွက် စည်းမျဉ်းစည်းကမ်းတွေ၊ မူဘောင်တွေ သတ်မှတ်နိုင်ဖို့ကိုပဲ အဓိကအားစိုက်ထုတ်ခဲ့ပါတယ်။ ဥပမာပြောရရင် တောင်တရုတ်ပင်လယ်ပြင်ကျင့်ဝတ်စည်းမျဉ်း (Code of Conduct – COC) အတွက် ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ နိုင်ငံတွေနဲ့ ဆွေးနွေးလာခဲ့တာ အခုဆိုရင် ဆယ်စုနှစ်တစ်ခုကျော်လို့ ၁၃ နှစ်နီးပါးရှိနေပါပြီ။

ဒီဆွေးနွေးပွဲတွေဟာ အခက်အခဲတွေကြားကနေ တဖြည်းဖြည်းနဲ့ ရှေ့ကိုမှန်မှန်တက်လှမ်းနေတာဖြစ်ပါတယ်။ မကြာခင်ကလည်း ဗီယက်နမ်မှာ တောင်တရုတ်ပင်လယ်ပြင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးကြေညာချက် (Declaration on the Conduct of Parties in the South China Sea – DOC) အကောင်အထည်ဖော်မှုလုပ်ငန်းအဖွဲ့ရဲ့ ၅၆ ကြိမ်မြောက် အစည်းအဝေးကို တရားဝင်လုပ်ဆောင်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဒေသတွင်းအဖွဲ့အစည်းဆိုင်ရာမူဘောင်တွေ၊ စည်းမျဉ်းတွေ ပိုမိုခိုင်မာလာဖို့အတွက်သာလျှင် သံတမန်ရေးရာအရင်းအနှီးတွေကို ပုံအောရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။

ဒါပေမဲ့ စစ်မှန်တဲ့ဇာတ်ကြောင်းတွေ တည်ဆောက်တဲ့နေရာမှာ တရုတ်နိုင်ငံဟာ တစ်ချိန်က ခုခံကာကွယ်ရုံသာတတ်နိုင်တဲ့ အောက်ခြေအနေအထားကို ရောက်ခဲ့ဖူးပါတယ်။ အထူးသဖြင့် ၂၀၂၃ ခုနှစ် ဒုတိယသောမတ်သောင်ခုံ ထိပ်တိုက်တွေ့မှုတုန်းကရော၊ အဲဒီနောက်ပိုင်း ဖိလစ်ပိုင်ဘက်က ဆာဘီနာသောင်ခုံနေရာကို ကျူးကျော်ပြီး တရုတ်က ဒီနေရာကို တရားမဝင်သိမ်းပိုက်တော့မယ်ဆိုတဲ့ သတင်းအမှားတွေကို ကမ္ဘာအနှံ့ ဖြန့်ဝေတုန်းကရောပေါ့။

ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ဖိလစ်ပိုင်ရဲ့ သတင်းအမှား ဗျူဟာတွေနဲ့ သူ့နောက်ကွယ်ကနေ ကြိုးကိုင်ပံ့ပိုးပေးနေတဲ့ အနောက်အုပ်စုမီဒီယာကြီးတွေရဲ့ ဇာတ်ညွှန်းတွေကို တရုတ်နိုင်ငံကကောင်းကောင်းရိပ်မိသဘောပေါက်လာတဲ့အတွက် စစ်တုရင်ခုံပေါ်က တုံ့ပြန်မှုမဟာဗျူဟာကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ဖိလစ်ပိုင်ရဲ့ လိမ်ညာလှုံ့ဆော်မှုတွေကို နိုင်ငံတကာလူ့အဖွဲ့အစည်းတွေကပိုပြီးသိရှိအောင် တုံ့ပြန်ရှင်းလင်းပြီး တရုတ်ကိုနာမည်ဖျက်ဖို့ တမင်အကွက်ဆင် ပုတ်ခတ်နေတာတွေကို အထောက်အထားများစွာနဲ့တကွ ကမ္ဘာ့အလယ်မှာ ဖွင့်ချပြခဲ့ပါတယ်။

ဒါကြောင့်လည်း တရုတ်နိုင်ငံဟာ အခုအချိန်မှာ ကမ္ဘာကအမြင်မှားနေတဲ့ တောင်တရုတ်ပင်လယ်ပြင်ရဲ့ ဇာတ်ကြောင်းကို ကိုယ်တိုင်ဦးဆောင်ပြီး အမှန်တရားအတိုင်း အသစ်ပြန်လည်တည်ဆောက်ဖို့ ပြတ်ပြတ်သားသားပြင်ဆင်လာတာပါ။ ဒီလို မဟာဗျူဟာပြောင်းလဲလိုက်တာဟာ ဖိလစ်ပိုင်ရဲ့ ကစားကွက်တွေကိုတုံ့ပြန်ရင်း ရလာတဲ့ အဖိုးတန်သင်ခန်းစာတစ်ခုဖြစ်ပါတယ်။

အခြားတစ်ဖက်မှာလည်း အမေရိကန်နဲ့ ဂျပန်လို ဒေသပြင်ပက အင်အားကြီးနိုင်ငံတွေဟာ ဖိလစ်ပိုင်ရဲ့ လိမ်ညာလှုံ့ဆော်တဲ့ ဇာတ်ကြောင်းတွေကို ဗန်းပြ၊ အကြောင်းပြချက်ကောင်းတစ်ခုအဖြစ် အသုံးချပြီး တောင်တရုတ်ပင်လယ်ပြင်အရေးထဲကို ဝင်ရောက်စွက်ဖက်ဖို့ အတင်းအဓမ္မကြိုးစားနေကြပါတယ်။ ဒါတင်မကသေးပါဘူး။ သူတို့ရဲ့ စစ်ဘက်ဆိုင်ရာယန္တရားတွေကို ဖိလစ်ပိုင်နိုင်ငံနဲ့ ပူးတွဲချည်နှောင်ဖို့အထိပါ လုပ်ဆောင်လာကြတာပါ။ အမေရိကန်ဟာ ဖိလစ်ပိုင်မြေပေါ်က သူ့ရဲ့စစ်အခြေစိုက်စခန်းတွေကို အသုံးပြုချင်နေပြီး အဲဒီစခန်းတွေထဲကို စစ်လက်နက်ပစ္စည်းတွေ အလုံးအရင်းနဲ့ ထောက်ပံ့ချင်နေတာပါ။

ဂျပန်နိုင်ငံကလည်း ဖိလစ်ပိုင်နဲ့အပြန်အလှန် စစ်ရေးဝင်ထွက်ခွင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပါတယ်။ ဒါကြောင့် ဂျပန်ရဲ့ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေဟာ ဖိလစ်ပိုင်ရဲ့စစ်အခြေစိုက်စခန်းတွေထဲကို စည်းကမ်းချက်တွေအများကြီးမလိုဘဲ အလွယ်တကူဝင်ရောက်ခွင့်ရသွားခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါအပါအဝင်အခြားအနောက်နိုင်ငံတွေကလည်း ဖိလစ်ပိုင်နဲ့ အလားတူအပြန်အလှန်စစ်ရေးဝင်ထွက်ခွင့် သဘောတူညီချက်တွေကို အပြိုင်အဆိုင်ချုပ်ဆိုခဲ့ကြပါတယ်။

မကြာသေးခင်ကပဲ ဂျပန်နိုင်ငံဟာ အမေရိကန်–ဖိလစ်ပိုင် ပူးတွဲလုပ်ဆောင်တဲ့ ဘာလီကတန်စစ်ရေးလေ့ကျင့်မှုကြီးမှာ ပထမဆုံးအကြိမ်အဖြစ် တရားဝင်ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ဒီနှစ်မှာ နိုင်ငံပေါင်း ခုနစ်နိုင်ငံပါဝင်တဲ့ စစ်ရေးလေ့ကျင့်မှုကြီးအတွင်း ဂျပန်ဟာ သမိုင်းတစ်လျှောက်မှာ ပထမဆုံးအဖြစ် စစ်သည် ၁၄၀၀ ကျော်၊ စစ်သင်္ဘော သုံးစင်းနဲ့ စစ်သုံးရဟတ်ယာဉ်တွေကို တိုက်ရိုက်စေလွှတ်ခဲ့ပါတယ်။

ဒါတင်မကသေးဘဲ မြေပြင်မှ သင်္ဘောပစ်ဒုံးကျည်စနစ်တွေအသုံးပြုပြီး ကျည်စစ်ကျည်မှန်ပစ်ခတ်မှု လေ့ကျင့်တာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒါဟာ ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားခဲ့တဲ့အချိန်ကစလို့ ဂျပန်နိုင်ငံအနေနဲ့ ပထမဆုံးအကြိမ်အဖြစ် ပြည်ပမြေပေါ်မှာ စစ်အင်အားကို ပေါ်ပေါ်ထင်ထင်ပြသခဲ့တာဖြစ်ပါတယ်။

ဖိလစ်ပိုင်ကိုအသုံးချပြီး ဒေသတွင်းမှာ ပြဿနာရှာချင်တဲ့ အလတ်စားအင်အားကြီးနိုင်ငံအချို့ကလည်း ဒီပဋိပက္ခကနေ ပထဝီနိုင်ငံရေးနဲ့ စီးပွားရေးအကျိုးအမြတ်တွေရှာချင်နေကြတာပါ။ ဖိလစ်ပိုင်က ကမ္ဘာပတ်ပြီး သတင်းအမှားဖော်ပြပေးနေတာကို သူတို့က နောက်ကနေပံ့ပိုးပေးနေကြတာဖြစ်ပါတယ်။ ဒီလိုမျိုးဆိုးဝါးတဲ့ အချက်အလက်တွေအားလုံး ပေါင်းစည်းသွားခဲ့လို့ပဲ ဖိလစ်ပိုင်ရဲ့ပွင့်လင်းမြင်သာမှုအယောင်ပြတဲ့ ပြည်သူ့ဆက်ဆံရေးနည်းလမ်းဟာ တစ်ချိန်ကသူတို့မျှော်လင့်ထားတဲ့အတိုင်း အောင်မြင်သလိုဖြစ်ခဲ့တာပါ။

ဒီနေ့ခေတ်မှာတော့ နိုင်ငံတကာအဖွဲ့အစည်းနဲ့ အိမ်နီးချင်းနိုင်ငံအများစုဟာ ဖိလစ်ပိုင်ရဲ့လှည့်ကွက်နဲ့ ကစားကွက်ကို ကောင်းကောင်းကြီး ရိပ်မိသဘောပေါက်လာကြပါပြီ။ ဒါကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ လှုံ့ဆော်နိုင်မှုသြဇာဟာ တဖြည်းဖြည်းနဲ့ ကုန်ခန်းပြီးမှေးမှိန်လာနေပါတယ်။ ကမ္ဘာ့ပြည်သူတွေကလည်း အချက်အလက်တွေကို တမင်လိမ်ညာပြီး ပုံကြီးချဲ့လှုံ့ဆော်နေတဲ့အပေါ် အရင်ကလိုမျိုး အလွယ်တကူ မယုံကြည်ကြတော့ပါဘူး။

ဒီနေရာမှာ စဉ်းစားစရာမေးခွန်းတစ်ခုရှိလာပါတယ်။ ဂျပန်နဲ့ ဖိလစ်ပိုင်တို့ကြား စစ်ရေးမဟာမိတ်ခိုင်မာလာတာ၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ကြား ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်အဟုန်တိုးတက်လာတာတွေက တရုတ်နိုင်ငံရဲ့ တစ်နိုင်ငံချင်းသီးသန့်ဆွေးနွေးတဲ့ ဗျူဟာအပေါ် ဘယ်လိုမျိုးစိန်ခေါ်မှုအသစ်တွေ ဖြစ်နိုင်သလဲ၊ တရုတ်နိုင်ငံကရော ဒါကို ဘယ်လိုတုံ့ပြန်မလဲဆိုတာပါပဲ။

ဒါဟာ တကယ့်ကိုပဲ သတိထားရမယ့် အလှည့်အပြောင်းအသစ်တစ်ခုဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ တရုတ်နိုင်ငံနဲ့ နယ်မြေအငြင်းပွားနေတဲ့ အခြားသောဒေသတွင်းနိုင်ငံအချို့ဟာ တရုတ်နိုင်ငံကို စုပေါင်းတုံ့ပြန်နိုင်ဖို့အတွက် အချင်းချင်းတိတ်တဆိတ်လက်တွဲဖို့ ကြိုးစားလာကြပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသတွင်းရေရှည်တည်ငြိမ်အေးချမ်းရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် တရုတ်နိုင်ငံကကမ်းလှမ်းတဲ့၊ ကမ်းခြေနိုင်ငံတွေအတွက် လက်တွေ့အကျိုးရှိမယ့် မဟာဗျူဟာမြောက်အစီအစဉ်ကိုတော့ သူတို့က တမင်သက်သက် အေးတိအေးစက်နဲ့ဥပက္ခာပြုထားပါတယ်။ အချို့သောကမ်းခြေနိုင်ငံတွေဆိုရင် တရုတ်ရဲ့တရားဝင်ရပိုင်ခွင့်တွေ၊ သမိုင်းဝင်နယ်မြေတောင်းဆိုမှုတွေကိုထိပါးပွတ်တိုက်ပြီး သူတို့စိတ်ကြိုက် သီးသန့်စီးပွားရေးဇုန် နယ်နိမိတ်မျဉ်းတွေကို တိတ်တဆိတ်သတ်မှတ်နေကြပါတယ်။

Ref: SCMP

ထက်မြတ်

# ရော်ဘာပျိုးခင်း၏အရေးပါမှုနှင့် ပျိုးပင်ထုတ်လုပ်နည်းအကြောင်းသိကောင်းစရာ

သန္တာဝင်း

ရော်ဘာပင်သည် မြန်မာနိုင်ငံသို့ ၁၈၇၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့စတင်ရောက်ရှိခဲ့ပြီး ၁၉၀၅ ခုနှစ်တွင်စီးပွားဖြစ်စတင်စိုက်ပျိုးခဲ့သည်။ ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းအတွက်သာမကပြည်ပပို့ကုန်အဖြစ်တင်ပို့ရောင်းချနေရ၍ စီးပွားရေးအရလည်း အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ရော်ဘာကို တာယာမျိုးစုံ၊ လက်အိတ်မျိုးစုံ၊ ပူဖောင်း၊ သားရေကွင်းမျိုးစုံ၊ ဖိနပ် စသည်ဖြင့် ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုကြသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ ရော်ဘာစိုက်ပျိုးပြီး ဧရိယာဧက ၁ ဒသမ ၆၄ သန်းရှိလာပြီဖြစ်သည်။

ထိုသို့တိုးတက်စိုက်ပျိုးလျက်ရှိရာတွင် ရော်ဘာခင်းသစ်တိုးချဲ့စိုက်ပျိုးမည့်ခြံရှင်များ၊ ရော်ဘာပင်အိုခုတ်လှဲထားသည့်နေရာတွင် ပြန်စိုက်လုပ်ငန်းဆောင်ရွက်မည့် ခြံရှင်များ နှစ်စဉ်ရှိနေကြသည်။ အဆိုပါခြံရှင်များအနေဖြင့် ယခုလိုစိုက်ပျိုးချိန်ကာလတွင် စိုက်ပျိုးမှုအောင်မြင်ပြီး အစေးထွက်ကောင်းစေရန် အခြေခံအရေးကြီးဆုံးအဆင့်ဖြစ်သည့် အရည်အသွေးကောင်း ဖူးဆက်ရော်ဘာပျိုးပင်များဖြင့် ရွေးချယ်စိုက်ပျိုးကြရန်နှင့် ကိုယ်တိုင်ပျိုးခင်းတည်ထောင်စိုက်ပျိုးမည့်သူများအနေဖြင့်လည်း ပျိုးခင်းတည်ထောင်ခြင်းအဆင့်ဆင့်ကို သိရှိလိုက်နာဆောင်ရွက်ကြရန် အရေးကြီးပေသည်။

**ရော်ဘာပျိုးပင်တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု**

အရည်အသွေးကောင်းမွန်သော ရော်ဘာမျိုးကောင်းမျိုးသန့် အဖူးကူးပင်များကို ပျိုးခင်းတွင်ပျိုးထောင်ပြီးမှ စိုက်ပျိုးရသည်။ မြန်မာနိုင်ငံ၏ရာသီဥတုမှာခြောက်သွေ့ကာလများပြီး မိုးရာသီကာလမှာတိုတောင်းသဖြင့် ရော်ဘာစိုက်ပျိုးရှင်သန်ဖြစ်ထွန်းရန်နှင့် အပင်ညီညာပြီး စံချိန်မီသန်စွမ်းသောပျိုးပင်များ စိုက်ပျိုးချိန်မီ ထုတ်လုပ်ရန်လိုအပ်သည်။ စိုက်ပျိုးချိန်တွင် ရွက်ဖုံနှစ်ဖုံမှ သုံးဖုံရင့် ဖူးဆက်ပျိုးပင်ရရှိရန်အတွက် တစ်နှစ်ခန့်ကြိုတင်၍လည်းကောင်း၊ ရော်ဘာမျိုးကိုင်းပွားခင်းအား နှစ်နှစ်ခန့် ကြိုတင်၍လည်းကောင်း အဆင့်ဆင့်သော "ပျိုးခင်း" လုပ်ငန်းများကို ရာသီအလိုက် စနစ်တကျဆောင်ရွက်သွားရမည်။ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများတွင် ရော်ဘာမျိုးကိုင်းပွားခင်းများ တည်ထောင်ထားရှိပြီး ပျိုးခင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဖူးဆက်ရော်ဘာပျိုးပင်များထုတ်လုပ်ခြင်း၊ ရော်ဘာစိုက်ပျိုးရန် ဝယ်ယူလိုသူများထံ ဖြန့်ဖြူးရောင်းချပေးခြင်းများ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်တိုင်ပျိုးခင်းတည်ထောင် စိုက်ပျိုးလိုသူများအနေဖြင့်လည်း ပျိုးပင်များထုတ်လုပ်နိုင်ရန် မျိုးစေ့ဥပဒေနှင့်အညီ ရော်ဘာပျိုးခင်းမှတ်ပုံတင်ခြင်းအား စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်သည်။ ရော်ဘာပျိုးပင်များအား နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးမှ တစ်ပြိုင်နက်တိုးချဲ့ထုတ်လုပ်သွားနိုင်ရန်ဖြစ်သည်။

**ရော်ဘာပျိုးခင်း တည်ထောင်ခြင်းအဆင့်ဆင့်**

**၁။ မြေနေရာရွေးချယ်ခြင်းနှင့်ပျိုးခင်းမြေပြုပြင်ခြင်း**

ရော်ဘာပျိုးခင်းပြုလုပ်ရာတွင် ပထမဦးစွာ မြေရွေးချယ်မှုကို အထူးဂရုစိုက်ရမည်။ ရေမဝပ်သောမြေ၊ အာဟာရဓာတ်ကောင်းသောမြေညီ၊ မြေပြန့်များမှာ ရော်ဘာကြီးထွားရန် သင့်လျော်သည်။ မြေသားထု ၁၈ လက်မရှိ၍ သဲမဆန်လွန်း၊ မစေးလွန်းသော မြေဩဇာထက်သန်သည့်မြေ၊ စိမ့်မစွဲသောမြေ၊ ရေသွင်းရေထုတ်လွယ်ကူသောမြေ၊ နွေရာသီတွင် ရေလုံလောက်စွာရရှိသောမြေနေရာ၊ စိုက်ပျိုးမည့် စိုက်ကွက်နှင့်နီးသောနေရာ၊ ရောဂါပိုးမွှားမကူးစက်ရန် ရော်ဘာပင်အိုများနှင့် ဝေးသောနေရာ၊ လောင်းရိပ်မရှိသောနေရာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာဖြစ်ရမည်။

ပျိုးခင်းမြေပြုပြင်ခြင်းနှင့်ပတ်သက်၍ မြေပေါင်ပျိုးခင်းပြုပြင်ခြင်း၊ ပလတ်စတစ်အိတ်ဖြင့်ပျိုးခင်းမြေပြုပြင်ခြင်း၊ တောရိုင်းမြေဖြစ်ပါကတောခုတ်၊ မီးရှို့၊ ကျွန်းကောက်၊ ငုတ်ထုတ်ခြင်းလုပ်ငန်းများကို ဧပြီလတွင် အပြီးဆောင်ရွက်ပေးထားရသည်။ ပြန်စိုက်ခြံဖြစ်ပါက ငုတ်ထုတ်၊ မြက်ရှင်းခြင်းကို ဧပြီလအပြီးဆောင်ရွက်ရမည်။ ပျိုးခင်းမြေပြုပြင်ခြင်းလုပ်ငန်းကို မျိုးစေ့မကြွေမီတစ်လအလိုတွင် အပြီးဆောင်ရွက်ပေးရန်လိုအပ်သည်။

**၂။ မျိုးစေ့အစို့ဖောက်ခြင်း**

ရော်ဘာမျိုးစေ့အစို့ဖောက်ရာတွင် အစို့ဖောက်တဲအကျယ်ကို မျိုးစေ့ ၁၀၀ လျှင် ၁ ပေ ပတ်လည်နှုန်းဖြင့် ပေါင်အကျယ် ၄ ပေနှင့် သဲ ၄ လက်မမှ ၆ လက်မအထူပေါင်အရှည်ကို လိုသလောက်ထားရန်၊ အသုံးပြုသည့်မြေမှာမြစ်သဲကြမ်းသည်အကောင်းဆုံးဖြစ်ပြီး မရရှိနိုင်ပါက စက်ဖွဲပြာ၊ လွှစာမှုန့်ကိုလည်းအသုံးပြုနိုင်သည်။ ပိုးမွှားများဖျက်ဆီးမှုကာကွယ်ရန် ပေါင်တွင် ပုရွက်ဆိတ်ဆေးမှုန့် တစ်မျိုးမျိုးကိုကြိုတင်ဖြူးထားရမည်။ မျိုးစေ့ရွေးချယ်ရာတွင် အရည်အသွေးကောင်းပြီး ရောဂါကင်းသောမျိုးစေ့များကိုသာ ရွေးချယ်အသုံးပြုသင့်သည်။ မျိုးစေ့ကိုလိပ်ကျောကုန်းပေါ်ရုံမြှုပ်၍ အပေါ်မှသဲပါးပါးဖြူးခြင်း၊ ရေအစိုဓာတ်ချိန်ဆ၍ ရေကြာပုံးဖြင့်ဖျန်းပေးရန်လိုအပ်သည်။ ခုနစ်ရက်မှ ၂၁ ရက်အတွင်း ပေါက်သော မျိုးစေ့အညှောက် ခရေပွင့်အရွယ်မှစ၍ ပြောင်းရွှေ့စိုက်ပျိုးနိုင်သည်။



ရော်ဘာအစို့ပေါက်ပျိုးပင်များ

**၃။ လက်ခံပင်ပြောင်းရွှေ့စိုက်ပျိုးခြင်း**

မြေပေါင်ပျိုးခင်းပြုလုပ်ရန်အတွက် ၂ ပေအကျယ်ပေါင်ပေါ်တွင် ၁ ပေအကျယ် စိုက်တန်းနှစ်တန်း၊ တစ်ပင်နှင့်တစ်ပင် ၆ လက်မ သို့မဟုတ် ၉ လက်မ ဖိုခုံလောက်ပုံစံဖြစ်ရမည်။ ပေါင်းမြက်ရှင်းခြင်း၊ အစိုဓာတ်ထိန်းခြင်း၊ ခြောက်သွေ့ကာလ နံနက်၊ ည ရေမှန်မှန်လောင်းပေးရမည်။ မြေဩဇာကျွေးခြင်းအား အပင်တစ်လသားမှစ၍ ပင်တန်းနှစ်တန်းကြား အရှည် ၃ ပေတွင် ပထမလနှစ်အောင်စ၊ နောက်ပိုင်းလေးအောင်စနှုန်း ကျွေးပေးရမည်။ ပင်လှီ၊ ပင်ကျပ်များကို လစဉ်မှန်မှန် သုံးလအထိဖယ်ရှားပေးရမည်။

ပလတ်စတစ်ပျိုးအိတ် ပျိုးခင်းပြုလုပ်ရန်အတွက် အစို့ဖောက်မျိုးစေ့အား အစို့ဖောက်ပေါင်အတိုင်းမျိုးစေ့မြှုပ်ပေးခြင်း၊ ပျိုးပင်ရွှေ့စိုက်ခြင်း၊ တစ်ရက်ခြားစစ်ဆေးခြင်း၊ တစ်လအတွင်းသေပင်အပြီးဖာခြင်း၊ ပင်လှီဖယ်ရှားခြင်း၊ အစားထိုးပြန်စိုက်ခြင်း၊ အချိန်မှန်မှန်ပေါင်းရှင်းခြင်း၊ အစိုဓာတ်ထိန်းပေးခြင်း၊ ပထမရွက်ဖုံရင့်ပြီးနောက် မြေဩဇာ ၁၅:၁၅:၆:၄ အား အပင် ၁၀၀ လျှင် ၈ အောင်စနှုန်းနှစ်ပတ်ခြား တစ်ကြိမ် အရွက်များကို အားဆေးအဖြစ်ဖျန်းပေးရမည်။ အပင် ၁၀၀ အတွက် ရေတစ်ဂါလန်တွင် ယူရီးယား သုည ဒသမ ၅ အောင်စနှုန်းဖြင့် ဖျန်းပေးရမည်။ မြေဩဇာကို အဖူးမကူးမီတစ်လခန့်အလိုတွင် မကျွေးသင့်ပါ။

**၄။ မျိုးကိုင်းပွားခင်းတည်ထောင်ခြင်းနှင့်ထိန်းသိမ်းပြုစုခြင်း**

မျိုးသန့်မျိုးမှန်စံချိန်မီမျိုးကိုင်းနှင့် အဖူးများရရှိနိုင်ရန်အတွက် မျိုးအလိုက် မျိုးသန့်ကိုင်းပွားခင်းကိုတည်ထောင်ရသည်။ မြေပြုပြင်ပြီးနောက် ပင်ကြားတန်းကြား(၆ ပေ x ၃ ပေ)၊ (၄ ပေ x ၄ ပေ) စိုက်သင့်ပြီး စိုက်ပျိုးရာတွင် မျိုးမရောစေရန်၊ ထိန်းသိမ်းပြုစုလွယ်ကူစေရန်နှင့် မျိုးကိုင်းရရှိမှုခန့်မှန်းတွက်ချက်မှုလွယ်ကူရန် မျိုးအလိုက်အကွက်များခွဲပြီး အကွက်တစ်ခုနှင့် တစ်ခုကြားတွင် ၈ ပေအကျယ်ထားသင့်သည်။ စိုက်ပျိုးထားသည့် ပျိုးပင်အမျိုးအစားအပေါ်မူတည်၍ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်ရသည်။

**၅။ အဖူးကူးခြင်းနှင့် အဖူးကူးအောင်၊ မအောင် စစ်ဆေးခြင်း**

ကျန်းမာသန်စွမ်းသောလက်ခံပျိုးပင်များအသက် ၆ လမှ ၁၂ လအတွင်းရောက်ရှိလာသောအခါ မျိုးသန့်မျိုးကိုင်းပွားခင်းမှ မျိုးကိုင်းများဖြတ်၍ အဖူးများကိုရယူပြီး အဖူးကူးခြင်းပြုလုပ်ရသည်။ အဖူးကူးအောင်မြင်မှုသည် ပျိုးပင်အရည်အသွေးအပေါ်များစွာ သက်ရောက်မှုရှိသည်။ အဖူးနုကူးခြင်း၊ အဖူးစိမ်းကူးခြင်း၊ အဖူးညိုကူးခြင်းတို့ဖြင့် အဖူးကူးနိုင်သည်။ အဖူးကူးပြီး သုံးပတ်အကြာတွင် မြှုပ်သွင်းထားသောအဖူးသည် စိမ်းနေပါက အဖူးကူးအောင်မြင်သည်။ ပို၍သေချာရန်အတွက် တစ်ပတ်ခန့်အကြာတွင် ထပ်မံစစ်ဆေးရသည်။ အဖူးစိမ်းနေသေးပါက ယင်းအဖူးကူးပင် သေချာပေါက်အောင်မြင်ပြီးဖြစ်သည်။ အောင်မြင်သောအဖူးကူးပင်အား မကြာခင်ပြောင်းရွှေ့စိုက်မည်ဆိုပါက မျိုးသန့်အဖူးမနာစေရန် ပလတ်စတစ်တိပ်ကြိုးအား မဖြေသေးဘဲ စိုက်ခါနီးမှ ဖြေနိုင်သည်။ ပျိုးခင်းတစ်လထက်ပိုထားပါက ပလတ်စတစ်ကြိုးဖြေလိုက်ရမည်။

**၆။ ပလတ်စတစ်အိတ်သို့ပြောင်းရွှေ့စိုက်ပျိုးခြင်း**

ပလတ်စတစ်အိတ်တွင် အစို့ဖောက်အစေ့များအား စိုက်ပျိုးထားသည့် အဖူးကူးအောင်မြင်သည့်လက်ခံပင်အား အဖူးကူးနေရာအထက်နားတွင်ဖြတ်၍ ပလတ်စတစ်အိတ်တွင် အဖူးကူးပင်များအား ဆက်လက်ထိန်းသိမ်းပြုစုမွေးမြူရမည်။ မြေပေါင်ပျိုးခင်းမှ အဖူးကူးအောင်ပင်များကိုနုတ်ကာ မြေလုံးမပါသော အဖူးကူးပျိုးငုတ်ပင်အနေနှင့် ပလတ်စတစ်ပျိုးအိတ်များတွင် ပြောင်းရွှေ့စိုက်ပျိုးရမည်။

အဖူးကူးအောင်မြင်သောအပင်များအား မြေပေါင်များမှနုတ်ယူရန်အတွက် ပျိုးပေါင်အပင်တန်း၏ တစ်ဖက်မှာမြေကြီးအားတူးပြီးနောက် အပင်အားအဖူးမနာစေရန်ကိုင်တွယ်ကာဆွဲနုတ်ယူရသည်။ နုတ်ယူပြီးသော အဖူးကူးအောင်ပင်များအား အဖူး၏အထက်နားမှ အဖူးအခြားတစ်ဖက်သို့စောင်း၍ဖြတ်ရသည်။ ရေသောက်မြစ်နှင့် ဘေးမြစ်များပါဖြတ်ရမည်။ အဖူးကူးပျိုးငုတ်ပင်၏ လက်ခံပင်အပိုင်းနှင့်အမြစ်များဖြတ်ရန် ပျမ်းမျှအရှည် မြေပြင်မှ ၆ လက်မမှ ၉ လက်မ ထား၍ဖြတ်ရမည်။

အဖူးကူးအောင်ပင်အား ပျိုးအိတ်တွင်စိုက်ပျိုးရာတွင် ပျိုးအိတ်မြေကြီးအလယ်ဗဟိုတွင် စိုက်ပျိုးမည့်အမြစ်အရှည်၏ အနက်အထိ တုတ်ချောင်းငယ်ဖြင့် အပင်ဘေးမှာထိုးကာ အပင်ဘက်သို့ ၃ နေရာမှ ၄ နေရာခန့် ဆွဲကျပ်ရသည်။ လိုအပ်သောမြေများထပ်ဖြည့်ပြီးဘေးမြစ်များ မနာစေရန်နှင့်အမြစ်ဝန်းကျင်လေဟာခြင်းမရှိရန် ဂရုပြုစိုက်ပျိုးပေးရမည်။

**၇။ အဖူးကူးပျိုးပင်များထိန်းသိမ်းပြုစုခြင်း**

မိုးရာသီကုန်ဆုံးပြီးနောက်ပျိုးပင်များအား နေ့စဉ်နံနက်ပိုင်းနှင့်ညနေပိုင်းများတွင် ရေမှန်မှန်လုံလောက်စွာ လောင်းပေးခြင်း၊ ပျိုးအိတ်မြှုပ်ထားသောမြောင်းများကိုပါ ရေသွင်းပေးခြင်းများပြုလုပ်ရသည်။ ၄ လမှ ၆ လ ခန့်အကြာတွင် အဖူးကူးပျိုးပင်များ အနည်းဆုံး ရွက်ဖုံနှစ်ဖုံ၊ သုံးဖုံ ရင့်ပြီး အသင့်စိုက်ပျိုးနိုင်သည့်အနေအထားသို့ ရောက်ရှိမည်ဖြစ်သည်။

**၈။ စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးရန်ပျိုးပင်များပြင်ဆင်ခြင်း**

အဖူးကူးအောင်မြင်သော ပျိုးပင်များအား ပြောင်းရွှေ့မစိုက်မီ နှစ်ပတ်မှ သုံးပတ်ခန့်တွင်အရိပ်စင်အား လုံးဝဖယ်ရှားပစ်ရမည်။ စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးရန် အသင့်လျော်ဆုံး ပျိုးပင်အရွယ်မှာ အနည်းဆုံး အရွက်ဖုံ နှစ်ဖုံမှ သုံးဖုံရှိပြီးသော ပျိုးပင်ဖြစ်သည်။ ပြောင်းရွှေ့စိုက်သည့်အခါ အပင်ထိပ်ဆုံးရှိ ရွက်ဖုံမှာလုံးဝ ရင့်ပြီးအဆင့် ဖြစ်နေရမည်။ ထိပ်ဆုံးရွက်ဖုံမရင့်သေးသော ပျိုးပင်များအား ပျိုးခင်းတွင် ရက်အနည်းငယ်ဆက်လက်ထားရှိပြီး ရွက်ဖုံရင့်လာသည့်အချိန်ရောက်မှပြောင်းရွှေ့စိုက်ရမည်။

ပျိုးပင်များအား အရွယ်အစားညီညာသည့်အပင်များအလိုက် ခွဲခြားကာစိုက်ပျိုးရမည်။ မျိုးအလိုက်လည်း မှားယွင်းခြင်းမရှိအောင် ဂရုစိုက်ကိုင်တွယ်ပြီး သယ်ယူပို့ဆောင်သည့်အခါတွင် အပင်များ မနာစေရန်နှင့် ပျိုးအိတ်မြေလုံးမပျက်စေရန် ညင်သာစွာကိုင်တွယ်ရမည်။

နိဂုံးချုပ်အားဖြင့် ရော်ဘာပျိုးပင်ထုတ်လုပ်ရာတွင် မျိုးစေ့စုဆောင်း၍ မျိုးစေ့အစို့ဖောက်ခြင်း၊ လက်ခံပင်ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ မျိုးကိုင်းများဖြတ်၍ အဖူးကူးခြင်း၊ အဖူးကူးအောင်ပင်နှင့် ပျိုးပင်များပြုစုစောင့်ရှောက်ခြင်း၊ စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးသည်အထိ အဆင့်ဆင့် ဂရုစိုက်ဆောင်ရွက်ရန် လိုအပ်သည်။ အနည်းဆုံး ရွက်ဖုံနှစ်ဖုံ၊ သုံးဖုံရင့်ပြီးသည့် ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်ထားသည့် မျိုးကောင်းမျိုးသန့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးကြပါရန်နှင့် ထိုသို့စိုက်ပျိုးခြင်းဖြင့် စိုက်ခင်းများ၏ရှင်သန်နှုန်း၊ ကြီးထွားနှုန်းနှင့် အစေးထွက်နှုန်းများ တိုးတက်ကောင်းမွန်ပြီး ရော်ဘာခြံ၏အောင်မြင်မှုနှင့်အကျိုးအမြတ်ကို တိုက်ရိုက်အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၈/ ၂၀၂၆)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များ၊ စွပ်စွဲချက်များကို စိစစ်သုံးသပ်ကာ လိုအပ်သလိုစုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ပါသည်။ ထို့ပြင် တိုင်တန်းချက်၊ စွပ်စွဲချက်များအရဖြစ်စေ သတင်းအချက်အလက်များအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားကြောင်းသိရှိရပါက အဆိုပါနေရာသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများပြုလုပ်ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ အရလည်းကောင်း၊ ကော်မရှင်လုပ်ထုံးလုပ်နည်းအပိုဒ် ၄၁၊ ၄၂၊ ၄၃ အရလည်းကောင်း အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် အစိုးရသို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ငန်းစီမံချက် လျာထားရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉၅ မှု (မီဒီယာသတင်းအပါအဝင်)အပေါ် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး(၂၁)ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားစာ ၆၄ မှုကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခြင်း၊ တိုင်ကြားစာ ၃၃ မှုကို တိုင်ကြားသူထံ အကြံပြုပြန်ကြားခြင်းတို့ဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားစာ ၁၉၆ မှုကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်းကြောင့်လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်ခြင်းကြောင့်လည်းကောင်း စနစ်တကျမှတ်တမ်းထားရှိကာ ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၂ မှုတို့ပါဝင်ပါသည်။

၃။ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တိုင်ကြားစာ ၆၄ စောင်ပေးပို့ခဲ့ရာ ၎င်းတို့၏အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအနေဖြင့် အပြည့်အဝ သဘောဆောင်သည့် ပြန်ကြားချက် (၃၈) စောင်အား လက်ခံရရှိခဲ့ရာ ရလဒ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြောင်းပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ရုံးခွဲများဖြစ်သော နေပြည်တော် (ရုံးခွဲ)၊ မန္တလေး (ရုံးခွဲ)၊ စစ်တွေ (ရုံးခွဲ)နှင့် ပုသိမ် (ရုံးခွဲ) များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်းရှိ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ဗဟိုအကျဉ်းထောင် ၂ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၄ ခု၊ ရဲစခန်းအချုပ်ခန်း ၇ ခု၊ တရားရုံးအချုပ်ခန်း ၂ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၃ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇၇) ချက်၊ ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၄၄) ချက်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇) ချက် ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအား စစ်ဆေးစဉ်အတွင်း တစ်ဦးချင်းလွတ်လပ်စွာတွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သားစုစုပေါင်း (၉၈) ဦးတို့ကို သီးခြားတွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့်အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ** တိုင်ကြားစာများ ပေးပို့နိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လစဉ်ကြေညာခြင်း၊ ကော်မရှင် website တွင်လည်း ဖော်ပြခြင်းများပြုလုပ်လျက်ရှိပါသည်။

၆။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၇။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ တိုင်တန်းစာများပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး တက်ရောက်



ရန်ကုန် ဇူလိုင် ၁၄

ကိုရီးယားနိုင်ငံအခြေစိုက် အာရှဒေသ သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(AFoCO)နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားသစ်တောသိပ္ပံသုတေသနဌာန (NIFoS) တို့ ပူးပေါင်းကျင်းပသည့် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဒီရေတောဂေဟစနစ်ပြန်လည်တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အာရှဒေသသစ်တောကဏ္ဍဆိုင်ရာလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC)၌ကျင်းပသည်။

ဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက အမှာစကားပြောကြားပြီး AFoCO အတွင်းရေးမှူးရုံးမှ Programme Officer မစ္စစုဇင်ရန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးသို့ AFoCO အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကိုရီးယားနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ NIFoS နှင့် AFoCO အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို ဇူလိုင်လ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အာရှဒေသ သစ်တောကဏ္ဍဆိုင်ရာ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာနနှင့် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသည့် စီးပွားရေးကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေး စီမံကိန်းများ၊ ပြည်ပသို့တင်ပို့မည့် ဆန်စပါး စိုက်ပျိုးရေးဇုန် (Rice Export Zone) စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် ဝါသီးနှံစိုက်ပျိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်ဆောင်ရွက်မှုနှင့် သွင်းအားစုအခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။



ထို့နောက် ကော်မတီအတွင်းရေးမှူးက (၃/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထပ်မံထုတ်ချေးပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများအပေါ်ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေးစနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာမဟာမိတ်နှစ်ပတ်လည်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်မိန့်ခွန်းပြောကြား

ကူမင်း ဇူလိုင် ၁၄

၂၀၂၆ ခုနှစ်တောင်အာရှနှင့်အရှေ့တောင်အာရှမီဒီယာမဟာမိတ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မြို့တော် ကူမင်းမြို့ရှိ Hyatt Place Hotel ခန်းမဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။




ဦးစွာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့၏တေးသီချင်းစုပေါင်းသီဆိုမှုဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စဇီန်းယန့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကမ္ဘာကြီး၌ နည်းပညာတိုးတက်ပြောင်းလဲမှုများလျင်မြန်စွာ ဖြစ်ပေါ်မှုနှင့်အတူ နိုင်ငံများအကြားတွင်လည်း အကွာအဝေးများလျှော့ချပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးမတည်ငြိမ်မှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ၊ နိုင်ငံဖြတ်ကျော်လုံခြုံရေးစိန်ခေါ်မှုများကို နိုင်ငံတစ်နိုင်ငံတည်းဖြင့်သာ မဖြေရှင်းနိုင်တော့ဘဲ ဘုံစိန်ခေါ်မှုများအဖြစ် ပေါ်ထွက်လာမှုများကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တက်ကြွသော၊ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒ(၅)ရပ်ကို အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ ယနေ့အချိန်အခါတွင် မီဒီယာသည် သတင်းဖြန့်ဝေသည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုသာမကဘဲ နိုင်ငံများနှင့်ပြည်သူများအကြားတွင် ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုတံတားများကို တည်ဆောက်ပေးနိုင်သည့် အင်အားတစ်ရပ်ဖြစ်လာသည်ကို တွေ့မြင်ကြရမှာဖြစ်ပါကြောင်း၊ မကြာသေးမီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့စဉ် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် သဘောတူညီချက်များ ရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အင်အားများဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက်တရုတ်နိုင်ငံ သတင်းထောက်များအသင်းနှင့်တရုတ်နိုင်ငံ နေ့စဉ်သတင်းစာတို့မှတာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ သတင်းထောက်များတစ်ထောက်နားစခန်း-ယူနန်ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းနှင့် လှုပ်ရှားမှုစီမံချက်ထုတ်ပြန်ခြင်းအစီအစဉ်ကို တက်ရောက်လာကြသည့် နိုင်ငံတကာမီဒီယာတာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများက “သွေးကပြောသောသစ္စာ”သီချင်းအားမြန်မာတိုင်းရင်းသားဝတ်စုံများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ တောင်အာရှနှင့်အရှေ့တောင်အာရှတို့ရှိ နိုင်ငံပေါင်း ၂၀ တို့မှ မီဒီယာတာဝန်ရှိသူ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ကြပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာခေါင်းစဉ်များအလိုက် နေရာများခွဲကာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့်အဖွဲ့အား သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မြဝတီ

# အရည်အသွေးအသိအမှတ်ပြုသင်တန်းဆိုင်ရာ ဟောပြောပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

Naypyitaw State Polytechnic University (NSPU) တွင် ဖွင့်လှစ်သင်ကြားနေသည့် အင်ဂျင်နီယာဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ အရည်အသွေးအသိအမှတ်ပြုမှုရရှိစေရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Engineering Education Accreditation Committee – EEAC)တို့ပူးပေါင်း၍ အရည်အသွေးအသိအမှတ်ပြု သင်တန်းဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်၊ EEAC ဥက္ကဋ္ဌ Professor ဒေါက်တာဇော်မင်းအောင်နှင့် ပါမောက္ခချုပ်(ငြိမ်း) Professor ဒေါက်တာမြမြဦးတို့က အရည်အသွေးစိစစ်အသိအမှတ်ပြုခြင်းဆိုင်ရာများကို ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ထို့နောက် Naypyitaw State Polytechnic University မှ ပါမောက္ခချုပ်(တာဝန်) ဒေါက်တာစိုးလင်းအောင်က ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအနေဖြင့် ရလဒ်အခြေပြုသင်ကြားသင်ယူမှုစနစ်နှင့် ချိတ်ဆက်အသုံးပြုနေသော Learning Management System ဆိုင်ရာ အချက်အလက်များအား တင်ပြဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲကို ဇူလိုင်လ ၁၄ ရက်နှင့် ဇူလိုင်လ ၁၅ ရက် နှစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

**လယ်တီမူ-အနာဂါမ်ဆရာသက်ကြီးနည်း** နေ့ (၁၀)ရက်၊ အချိန်ပိုင်းတရားစခန်းကို ဇူလိုင်လမှာ (၂၁) ရက်မှ (၃၀)ရက်အထိ နေ့လယ်(၁၂:၃၀) မှ ညနေ (၄:၁၀) နာရီအတွင်း ရွှေတိဂုံမြောက်ဘက်မုခ် ပဒုက္ကာမြမွှာရုံမှာ ကျင်းပပါမည်။ (ကျန်လများမှာ ၁၅ ရက်မှ ၂၄ ရက် ပုံမှန်ပြန်ကျင်းပပါမည်)
ဆက်သွယ်ရန် - ဦးစိုးနိုင် (လယ်တီကမ္မဋ္ဌာနာစရိယ) ဖုန်း - ၀၉ ၂၅၈ ၉၁၄ ၄၁၃

**ပျောက်ဆုံးကြောင်း**
ဇော်ဖြိုးပိုင်(ဘ)ဦးဝင်းရွှေ ၉/ဝတန(နိုင်)၂၂၄၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 810206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
သန့်ဇင်ထွန်း(ဘ)ဦးချိုထွန်း ၅/ကဘလ(နိုင်)၂၈၁၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၉၉၆၇၈၆

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)၊ Grade-12၊ အခန်း(A)မှ မောင်အံ့ဖွယ်ဦး၊ Grade-6၊ အခန်း(B)မှ မောင်သုတပြည့်စုံတို့၏ဖခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၁၇၅၇၃၈ ကိုင်ဆောင်သူ ဦးအောင်မိုးဟိန်းဖြစ်ပါကြောင်း။ ဦးအောင်မိုးဟိန်း

**ပျောက်ဆုံးကြောင်း**
လမ်းမတော်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၃၈)နေ ကျော်သူရကိုကို(ဘ)ဦးချစ်ကိုကို ၁၂/ပဘတ(နိုင်)၀၃၀၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၄၄၇၇

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့၊ နတ်မာကျေးရွာနေ ဇင်မင်းထွေး(ဘ)ဦးအောင်ရင် ၉/တကန(နိုင်)၂၂၀၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၈၅၈၅၁၆

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲကြိုသုံးသပ်ချက်

စည်သူအောင်

## အင်္ဂလန် VS အာဂျင်တီးနား

ကစားမည့်ရက်/အချိန်
(၁၆-၇-၂၀၂၆ နံနက် ၁ နာရီခွဲ)

| အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် | အာဂျင်တီးနားအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် |
|---|---|
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| အင်္ဂလန် ၄ - ၂ ခရိုအေးရှား | အာဂျင်တီးနား ၃ - ၀ အယ်ဂျီးရီးယား |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| အင်္ဂလန် ၀ - ၀ ဂါနာ | အာဂျင်တီးနား ၂ - ၀ ဩစတြီးယား |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| ပနားမား ၀ - ၂ အင်္ဂလန် | ဂျော်ဒန် ၁ - ၃ အာဂျင်တီးနား |
| ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| အင်္ဂလန် ၂ - ၁ ကွန်ဂို | အာဂျင်တီးနား ၃ - ၂ ကိတ်ဗာဒီ |
| ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| မက္ကဆီကို ၂ - ၃ အင်္ဂလန် | အာဂျင်တီးနား ၃ - ၂ အီဂျစ် |
| ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် | ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် |
| နော်ဝေ ၁ - ၂ အင်္ဂလန် | အာဂျင်တီးနား ၃ - ၁ ဆွစ်ဇာလန် |




ဒီနှစ်သင်းကြား ငါးကြိမ်တွေ့ဆုံရာမှာ တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ပြီး အင်္ဂလန်အသင်းက သုံးကြိမ်နိုင်နဲ့ အာဂျင်တီးနားအသင်းက တစ်ကြိမ်အနိုင်ရရှိထားပါတယ်။ လက်ရှိ ဒီနှစ်သင်းကြား ခြေစွမ်းပိုင်းမှာလည်း ကွာခြားမှုမရှိဘူးဆိုပေမယ့် တိုက်စစ်ပိုင်းမှာတော့ အာဂျင်တီးနားအသင်းက အသာစီးမှာရှိနေတာကို တွေ့ရမှာပါ။ အင်္ဂလန်အသင်းအတွက်လည်း ၁၉၈၆ ခုနှစ်က အာဂျင်တီးနားအသင်း ကစားသမားဟောင်း မာရာဒိုနာရဲ့ Hand of God ဖြစ်ရပ်ကို ပြန်လည်လက်စားချေနိုင်ဖို့ အခွင့်အရေးပါ။ လက်ရှိ နှစ်သင်းကြား ခြေစွမ်းပိုင်း ကွာခြားမှုမရှိဘူးဆိုပေမယ့် အာဂျင်တီးနားအသင်းဘက်မှာတော့ ပွဲရလဒ်အဖြေကို ပြောင်းလဲပေးနိုင်တဲ့ မက်ဆီအပါအဝင် ကစားသမားအများစုရှိနေလို့ ဒီပွဲမှာရလဒ်ပြတ်သားဖို့ခက်ခဲပေမယ့် အာဂျင်တီးနားအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

## ကမ္ဘာ့ဖလားပြိုင်ပွဲမှထွက်ခွာရပြီးနောက် ဥရုဂွေးအသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ကာ ယာယီနည်းပြအဖြစ် ဖော်လန်အားခန့်အပ်




မွန်တီဗီဒီယို ဇူလိုင် ၁၄

ဥရုဂွေးအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှပင် ထွက်ခွာရပြီးနောက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ကာ နည်းပြဘီယဲဆာအား ရာထူးမှထုတ်ပယ်ပြီး ယာယီနည်းပြအဖြစ် ကစားသမားဟောင်း ဖော်လန်အား ခန့်အပ်ခဲ့ကြောင်း သိရသည်။

ဥရုဂွေးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(H)၌ စပိန်အသင်း၊ ကိတ်ဗာဒီအသင်း၊ ဆော်ဒီအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ပြီး အုပ်စုသုံးပွဲတွင် နိုင်ပွဲမရရှိဘဲ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ်နှစ်မှတ်သာရရှိကာ အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

ဥရုဂွေးအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ဝါရင့်နည်းပြဘီယဲဆာနှင့်လမ်းခွဲခဲ့ပြီး လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ယာယီနည်းပြအဖြစ် ကစားသမားဟောင်း ဖော်လန်အား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဖော်လန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက မန်ယူအသင်း၊ အက်စ်တွန်ဗီလာအသင်း၊ အက်သလက်တီကိုအသင်း၊ အင်တာမီလန်အသင်း စသည့် ဥရောပထိပ်တန်းအသင်းကြီးများတွင် ကစားခဲ့သူဖြစ်သည်။ ဥရုဂွေးအသင်းနှင့်လည်း ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလရှည်ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ ၁၀၂ ပွဲ ပါဝင်ကစားပြီး ၃၃ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ဥရုဂွေးအသင်းက နည်းပြဖော်လန်အား ၂၀၂၇ ခုနှစ် မတ်လအထိ ယာယီနည်းပြအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ခြင်းဖြစ်ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်မည်ဆိုပါက အမြဲတမ်းနည်းပြအဖြစ် ပြောင်းလဲခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

*Ref:365Scores*

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံးချိန်၌ ပွဲစဉ်အလိုက်အကောင်းဆုံးကစားသမားဆုရရှိမှု အများဆုံးကစားသမားစာရင်းတွင် အာဂျင်တီးနားအသင်းမှမက်ဆီနှင့် အင်္ဂလန်အသင်းမှ ဘယ်လင်ဟာမ်တို့က လေးကြိမ်စီဖြင့် ထိပ်ဆုံး၌ ပူးတွဲရပ်တည်နေပြီး ၎င်းတို့နောက်တွင် ပြင်သစ်အသင်းမှ အမ်ဘာတ်ပီ၊ နော်ဝေအသင်းမှဟာလန်းနှင့်ဘရာဇီးအသင်းမှ ဗင်နီစီးယက်တို့က သုံးကြိမ်စီဖြင့်ရပ်တည်နေသည်။





ကမ္ဘာ့ဖလားပြိုင်ပွဲစတင်ချိန်မှ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ပြိုင်ပွဲတစ်ခုအတွင်း ကစားသမားခြောက်ဦး ငါးဂိုးနှင့်အထက်သွင်းယူနိုင်သည့် ပထမဆုံးပြိုင်ပွဲအဖြစ် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲက မှတ်တမ်းဝင်ခဲ့ပြီး ငါးဂိုးနှင့်အထက်သွင်းယူထားနိုင်သည့် ကစားသမားများအဖြစ် အာဂျင်တီးနားအသင်းမှ မက်ဆီ၊ ပြင်သစ်အသင်းမှ အမ်ဘာတ်ပီနှင့် ဒမ်ဘီလီ၊ နော်ဝေအသင်းမှ ဟာလန်း၊ အင်္ဂလန်အသင်းမှ ဘယ်လင်ဟာမ်နှင့်ဟယ်ရီကိန်းတို့က မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် နော်ဝေအသင်းမှ တိုက်စစ်ကစားသမား ဟာလန်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးခုနစ်ဂိုးဖြင့် ရပ်တည်နေမှုကြောင့် အင်္ဂလန်အသင်းမှ ဟယ်ရီကိန်း၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးခြောက်ဂိုးသွင်းယူနိုင်သည့်စံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။



## " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **" လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေး အကြမ်းဖက်များ "** ခေါင်းစဉ်ဖြင့် ၁၅-၇-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၂၂-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **" သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများ ပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်၍ဆောင်ရွက်လျက်ရှိသည်။

မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများအား အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးဖော်ထုတ်ခဲ့ရာ ရက် ၁၀၀ စီမံချက်ကာလအတွင်း စုစုပေါင်း တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုအရေအတွက် ၃၄၀ ခုမှ ယူနစ်စုစုပေါင်း ၇ ဒသမ ၇ သန်းကျော် အလွဲသုံးစားပြုလုပ်ခဲ့မှုများကို စိစစ်တွေ့ရှိခဲ့ပြီး နိုင်ငံတော်မှနစ်နာဆုံးရှုံးခဲ့မှုအတွက် လျော်ကြေးနှင့် ဒဏ်ကြေးငွေကျပ် ၆၇၄၅ သန်းကျော် ပြန်လည်ကောက်ခံရရှိခဲ့သည်။

ယင်းဖြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် မီတာပိုင်ရှင်များနှင့် လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပါဝင်ပတ်သက်သည့် တာဝန်ရှိ ဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ ပပျောက်သွားစေရေးကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးထုတ်ပြန်ထားကြောင်းသိရသည်။ **မြဝတီ**

# (၁၄-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၄၈၆,၈၁၀.၃၄ | ၁,၅၈၉,၆၈၇.၂၀ | ၈၉,၅၂၅,၆၉၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ ကြက်ပေါက်နှင့်အစာ၊ ဓာတ်မြေသြဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁,၂၈၇.၀၀ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**● ကျောဖုံးမှအဆက်**

ယနေ့နံနက်၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေခွဲခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင်ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့၊ ဘားအံမြို့၊ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် ဖောင်းပြင်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနေထိုင်နိုင်ပါရန်နှင့်မြစ်ရေမြင့်တက်လာပါကအချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**


**ပျောက်ဆုံးကြောင်း**
တုန်းဇခိုအို(ဘ)ဦးခုပ်တုန်းနှန်း ၄/တတန(နိုင်)၀၈၄၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မိန္ဒယ်နီဝင်း(ဘ)ဦးကျော်မင်း ၃/ကကရ(နိုင်)၁၃၆၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 743923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းမူကြည်(ဘ)ဦးမောင်ထွေး ၃/ဘအန(နိုင်)၂၈၅၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 616490)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အ.ထ.က(၁)၊ Grade-6 မှ အဘ ဦးကျော်ငွေး ၇/ပခန(နိုင်)၂၈၀၈၈၁ ၏သမီး မအိမ့်မေမီကျော်အား မအေးချမ်းခင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
မအေးချမ်းခင်

**ဖခင်အမည်မှန်**
အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ဒိုဘီကုန်းမူလွန်ကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မညီမ်းပပအောင်၏ဖခင်အမည်မှန်မှာ ဦးသန်းမြင့်ဦး ၈/ခမန(နိုင်)၁၄၃၁၂၀ ဖြစ်ပါကြောင်း။
ဦးသန်းမြင့်ဦး

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.လ.က(ပြည့်ညင်)ကျောင်းဝင်အမှတ် ၀၀၃၅ Grade-8 သင်ဆဲမှ မောင်နေဇင်ထက်၏ဖခင် ဦးဇော်ထွေး၏အမည်မှန်မှာ ဦးအောင်ဇော်ထွေး ၈/တတက(နိုင်)၁၀၀၄၄၀ ဖြစ်ပါကြောင်း။
ဦးအောင်ဇော်ထွေး

**မိခင်အမည်မှန်**
လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-11 မှ မောင်ကျော်ခိုင်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ညွန့်ညွန့်ခင် ၉/လဝန(နိုင်)၀၅၁၂၇၇ ဖြစ်ပါကြောင်း။
ဒေါ်ညွန့်ညွန့်ခင်

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်းဝင်အမှတ် ၀၀၆၉ Grade-8 သင်ဆဲမှ မမြတ်သဇင်သိမ့်၏ဖခင် ဦးဘိုဘိုအောင်၏အမည်မှန်မှာ ဦးဗိုလ်ဗိုလ်အောင် ၈/တတက(နိုင်)၁၅၄၄၈၃ ဖြစ်ပါကြောင်း။
ဦးဗိုလ်ဗိုလ်အောင်

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်းဝင်အမှတ် ၇၃၅၀ Grade-11 သင်ဆဲမှ မောင်ဇင်သော်လွင်၏ဖခင် ဦးအောင်ကို၏အမည်မှန်မှာ ဦးအောင်ကိုကို ၈/မသန(နိုင်)၀၇၈၃၁၅ ဖြစ်ပါကြောင်း။
ဦးအောင်ကိုကို

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အဘ ဦးလှသန်း၏သမီး ဒေါ်ရွှေရွှေဦး ၁၃/လရန(နိုင်)၀၂၉၉၁၂ နှင့် ဒေါ်ဆွေဆွေဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ရွှေရွှေဦး(ခ)ဒေါ်ဆွေဆွေဦး

**အမည်ပြောင်း**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်နေ အဘ ဦးလွင်မိုး ၈/တတက(နိုင်)၁၈၀၁၃၈ ၏သမီး ရွှေအိုး(၂)အ.မ.က(မူလွန်)ကျောင်း Grade-4 ကျောင်းဝင်အမှတ် ၀၅၂၅ မရွှန်းကေရီပိုးအား မရွှေသွန်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှေသွန်းအိမ်

**အမည်ပြောင်း**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(တောင်ညို) Grade-5 တွင်ပညာသင်ကြားနေသော အဘ ဦးခိုင်ထွန်း ၉/ပမန(နိုင်)၂၀၅၂၇၇ ၏သား မောင်ဝန်းရံခအား မောင်ဝေယံကောင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဝေယံကောင်းမြတ်

**မွေးသက္ကရာဇ်အမှန်**
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၃)ယင်းတော် Grade-12(Bio)မှ အဘ ဦးဝင်းမြင့်၏သမီး မအိနန္ဒာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၂-၂၀၀၈ ဖြစ်ပါကြောင်း။
၁၀-၂-၂၀၀၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၃)ယင်းတော် Grade-12(Bio)မှ မအိနန္ဒာဝင်း၏မိခင် ဒေါ်အာရှာဘီ(ခ)ဒေါ်ဝင်းမာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်အာရှာဘီ(ခ)ဒေါ်ဝင်းမာ

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-7 မှ မခိုင်ဝတ်မှုံ၏ဖခင် ဦးနိုင်ဝင်း၏အမည်မှန်မှာ ဦးစိုင်းညီညီ ၉/ဇယသ(နိုင်)၀၃၉၆၂၉ ဖြစ်ပါကြောင်း။
ဦးစိုင်းညီညီ

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-5 မှ မောင်ပိုင်းထက်ကျော်၏ဖခင် ဦးနိုင်ဝင်း၏အမည်မှန်မှာ ဦးစိုင်းညီညီ ၉/ဇယသ(နိုင်)၀၃၉၆၂၉ ဖြစ်ပါကြောင်း။
ဦးစိုင်းညီညီ

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အ.လ.က(၄) Grade-5 မှ အဘ ဦးဝင်းလွင်ဦး ၁၄/ပတန(နိုင်)၁၃၆၁၅၀ ၏သမီး မနမ့်စံပယ်ဖြူအား မစံပယ်ဖြူဟုပြောင်းလဲခေါ်ဆိုပါရန်။
မစံပယ်ဖြူ

**ပျောက်ဆုံးကြောင်း**
အေးမင်းကို(ဘ)ဦးထွန်းကြည် ၇/ကဝန(နိုင်)၂၀၉၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၂၅၄၄၈၇

**ပျောက်ဆုံးကြောင်း**
ကောဝီလာ(ဘ)ဦးကနန်း(ခ)ဦးစိန်မောင် ၃/ဘအန(ပြု)၀၀၂၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇင်မာဝင်း(ဘ)ဦးသိန်းဝင်း ၈/နမန(နိုင်)၂၅၃၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 606548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်မျိုးလွင်(ဘ)ဦးကျော်မင်းထွေး ၅/ဘတလ(နိုင်)၁၂၉၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြင့်ဆွေ(ဘ)ရှုဘန်ဆော်လမွန်အယ်လ်သတ် ၁၂/လမန(နိုင်)၁၃၀၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၇၄၆၁၂၁၇

**ပျောက်ဆုံးကြောင်း**
မျိုးသန်းဝင်း(ဘ)ဦးကျော်သန်း ၁၂/ကမရ(နိုင်)၀၄၇၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၁၃၅၈၂၇

**ပျောက်ဆုံးကြောင်း**
ယုယုထွေး(ဘ)ဦးမျိုးတင် ၁၂/ဒပန(နိုင်)၀၄၁၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၅၄၆၃၂၂

**ပျောက်ဆုံးကြောင်း**
ခင်မျိုးမင်း(ဘ)ဦးဝေကျော်ဦး ၁၁/ကဖန(နိုင်)၀၅၇၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၁၉၃၇၀

**ပျောက်ဆုံးကြောင်း**
တင်တင်ဦး(ဘ)ဦးကိုကိုကြီး ၇/ပခန(နိုင်)၂၆၂၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၀၈၈၈၀

**ပျောက်ဆုံးကြောင်း**
ငြိမ်းငြိမ်းစိုး(ဘ)ဦးမောင်ကြည် ၁၂/သဃက(ပြု)၀၀၄၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၁၇၀၀၃၆

**စာပေမြင့်မှ လူမျိုးတင့်မည်**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း)တို့တွင်လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာ သင်တန်းတက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ၊ ဟုမ္မလင်း)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(B.A.Sc)သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို စိုက်ပျိုးရေးအတတ်ပညာနှင့်မွေးမြူရေးအတတ်ပညာဖြင့် အောက်ပါအတိုင်းအောင်မြင်သူများဖြစ်ရမည်။

(၁) စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို လျှောက်ထားလိုသူများသည် စိုက်ပျိုးရေးအတတ်ပညာကို Grade(A) (ထူးချွန်စွာအောင်မြင်ခြင်း)နှင့် Grade(B)(အဆင့်မီအောင်မြင်ခြင်း)ဖြင့် အောင်မြင်သူများဖြစ်ရမည်။

(၂) မွေးမြူရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် မွေးမြူရေးအတတ်ပညာကို Grade(A) (ထူးချွန်စွာအောင်မြင်ခြင်း)နှင့် Grade(B)(အဆင့်မီအောင်မြင်ခြင်း)ဖြင့် အောင်မြင်သူများဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)ကို အောက်ပါအတိုင်းအောင်မြင်သူများဖြစ်ရမည်။

(၁) စိုက်ပျိုးရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)တွင် ဓါတုဗေဒ၊ ရူပဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲများဖြင့်ဖြစ်စေ အောင်မြင်သူများဖြစ်ရမည်။

(၂) မွေးမြူရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)တွင် ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူများဖြစ်ရမည်။

(ဃ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)ကို မည်သည့်ဘာသာတွဲဖြင့်ဖြစ်စေ အောင်မြင်သူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)တွင် စိုက်ပျိုးရေးဒီပလိုမာပထမနှစ်သင်တန်းသို့လျှောက်ထားနိုင်သည်။ (လျှောက်ထားသူသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ဒေသခံဖြစ်ရမည်။)

(င) လျှောက်ထားသူများအနက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာအရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။

(စ) လျှောက်လွှာပိတ်ရက်(၁၄-၉-၂၀၂၆)ရက်နေ့တွင် အသက်(၂၂)ထက်မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်။

(က) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်/တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)

(ခ) (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်အောင်မြင်သူများအတွက် Grade(A) (သို့မဟုတ်)Grade(B)ဖြင့်အောင်မြင်ကြောင်းထောက်ခံချက်

(၂) တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)အမှတ်စာရင်း(မိတ္တူ)(ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့)ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ(နောက်ခံအပြာရောင်ဖြင့်)(၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ (၁၄-၉-၂၀၂၆)ရက်နေ့ထက် နောက်မကျစေဘဲတိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါနီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူလျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | |
| | အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါကအုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------------- ခုနှစ်၊ -------------------- လ၊ -------------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ------------- တိုင်းဒေသကြီး/ပြည်နယ်------

---------------------------------------------------------------------------------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် -----------------------------------------------------------

---------------------------------------------------------------------------------

၅။ လျှောက်ထားလိုသော ဒီပလိုမာသင်တန်းအမည် ----------------------------------------

၆။ တက်ရောက်လိုသောစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် ---------------------------

----------------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ------------------

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဦးစီးဌာန(ရုံးချုပ်)ရှိ တည်ဆောက်ရေးလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဦးစီးဌာန(ရုံးချုပ်)ရှိ Steel Structure အမိုးပါကားပါကင်(၆၀'x၂၀')(၆)ခုဆောင်ရွက်ခြင်း၊ ပျိုးဥယျာဉ်နှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံဌာနခွဲတွင် ၁၄-၇-၂၀၂၆ ရက်နေ့မှ ၂၈-၇-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၈-၇-၂၀၂၆ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

MANDALAY GREEN BAMBOO PAPER COMPANY LIMITED

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၁၄)ရက်၊ ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် MANDALAY GREEN BAMBOO PAPER COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ထွေးထွေးမာ (B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178) (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အားခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ထွေးထွေးမာထံသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၂၉)ရက်နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **Daw Shwe Yi Win** | **Daw Htay Htay Mar** |
| **Director** | **Insolvency Practitioner** |
| **MANDALAY GREEN BAMBOO** | **(B.Com, CPA)** |
| **PAPER COMPANY LIMITED** | **25–B, 5th Floor, Zalun Street, Sanchaung Township, Yangon.** |

**ပျောက်ဆုံးကြောင်း**

မျိုးသီဟအောင်(ဘ)ဦးဝင်းနိုင် ၈/မသန(နိုင်)၁၇၅၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 069873)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၃၃၀၅၂၆

**ပျောက်ဆုံးကြောင်း**

ဆိုင်းနူးပန်(ဘ)ဦးဇော်မိုင် ၁/မကန(နိုင်)၂၉၂၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၃၅၆၇၅၇၃

**ပျောက်ဆုံးကြောင်း**

မေသန်းနု(ဘ)ဦးကျော်သာထွန်း ၁၂/မဘန(နိုင်)၁၃၈၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 815922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၁၁၀၂၇၄

**ပျောက်ဆုံးကြောင်း**

ကြယ်စင်မင်းခန့်(ဘ)ဦးနိုင်နိုင်တာ ၁၂/သဃက(နိုင်)၂၀၇၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ။ ဖုန်း-၀၉-၅၁၇၅၅၇၇

**ပျောက်ဆုံးကြောင်း**

ဦးစိုင်းတိန်းလွယ်(ဘ)ဦးစိုင်းပန်းစိန် ၁၃/လခန(နိုင်)၀၄၉၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၅၈၈၉၇၁

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ ပညာ့တံခွန် ကပကကျောင်း၊ Grade-11 မှ မဆုရွှေရည်၏ဖခင်အမည်မှန်မှာ ဦးသိန်းသိန်းထိုက် ၇/ပခန(နိုင်)၂၄၄၆၃၇ ဖြစ်ပါကြောင်း။

**ဦးသိန်းသိန်းထိုက်**

**ပျောက်ဆုံးကြောင်း**

စိုးသစ္စာကျော်(ဘ)ဦးကျော်ကျော်ဦး ၈/တတက(နိုင်)၂၁၅၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 352711)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၁၁၄၂၃၂

**ပျောက်ဆုံးကြောင်း**

အောင်ချိုဋ္ဌေး(ဘ)ဦးယဉ်ဋ္ဌေး ၁၂/ထတပ(နိုင်)၀၈၂၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 234515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၀၈၉၉၂

**ပျောက်ဆုံးကြောင်း**

အေးမင်းထွန်း(ဘ)ဦးညို ၉/ငသရ(နိုင်)၀၀၅၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဦးဝင်းခိုင်(ဘ)ဦးမြင့်ဦး ၉/ငသရ(နိုင်)၀၁၁၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဦးရဲထွဋ်(ဘ)ဦးအေးလွင် ၁၄/မအန(နိုင်)၁၄၇၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 315823)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဆွေဇင်ဦး(ဘ)ဦးခင်ငြိမ်း ၁၂/သလန(နိုင်)၁၉၃၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 342271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကျောက်တဲ့ဖူ(ဘ)ဦးကျောက်ချင်ချိုး ၁၃/ကခန(နိုင်)၁၁၆၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၆၆၀၆၄၇

**ပျောက်ဆုံးကြောင်း**

ဇော်ဇင်ဦး(ဘ)ဦးသန်းဇော်ဦး ၁၄/သပန(နိုင်)၁၅၈၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

ရဲဝင်းကို(ဘ)ဦးခိုင်လင်း ၁၄/ရကန(နိုင်)၂၀၀၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၁၅၀၈၉၁

**ပျောက်ဆုံးကြောင်း**

ရွှေဇင်နှင်း(ဘ)ဦးကျော်ရှင်း ၈/ပခက(နိုင်)၂၈၁၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကေသီထွန်း(ဘ)ဦးခင်မြင့် ၁၀/ခဆန(နိုင်)၁၂၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၄၅၀၃၃၁

**ပျောက်ဆုံးကြောင်း**

အေးမြတ်သန္တာမွန်(ဘ)ဦးဝင်းထွန်း ၁၄/မအန(နိုင်)၁၄၉၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၄၃၅၁၅၃

**ပျောက်ဆုံးကြောင်း**

လှိုင်းထက်အောင်(ဘ)ဦးစီပို ၅/ဆလက(နိုင်)၁၃၁၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

လှမျိုးအောင်(ဘ)ဦးအောင်သန်းမြင့် ၁၄/အဂပ(နိုင်)၁၈၀၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ခင်နန်းဆွေ(ဘ)ဦးခင်မောင်ဝေ ၉/မတရ(နိုင်)၁၈၉၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂



Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT
QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့




ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ပြုဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်း- ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE




အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
Lemon Tea
NAN MYAIN
KHA YAE PIN MART

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**
၁၄-၇-၂၀၂၆

| | | | |
|---|---|---|---|
| ဒေးဒရဲ | ၆ ဒသမ ၆၁ လက်မ | ကျိုက္ကမီ | ၅ ဒသမ ၀၈ လက်မ |
| ဖျာပုံ | ၅ ဒသမ ၈၃ လက်မ | ချောင်းဆုံ | ၅ ဒသမ ၀၄ လက်မ |
| ဝါးခယ်မ | ၅ ဒသမ ၆၂ လက်မ | ပုသိမ် | ၄ ဒသမ ၇၆ လက်မ |
| မြောင်းမြ | ၅ ဒသမ ၃၁ လက်မ | မော်လမြိုင်ကျွန်း | ၄ ဒသမ ၄၅ လက်မ |
| သာပေါင်း | ၅ ဒသမ ၂၈ လက်မ | မုဒုံ | ၄ ဒသမ ၃၇ လက်မ |

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင် လူနေအဆောက်အအုံ ၇၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

ဖြိုဖျက်ပြီးပုံ



**နေပြည်တော် ဇူလိုင် ၁၄**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် **စာမျက်နှာ ၂၂ ကော်လံ ၁ ▲**

## ရမည်းသင်းမြို့နှင့်ပျော်ဘွယ်မြို့တို့တွင် ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့် ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့် ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၆ ရက် ည ၉ နာရီတွင် ရမည်းသင်းမြို့ သီလဝ(၃)ရပ်ကွက်ရှိ ချစ်မိုးဆန်း(၃၆)နှစ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၅၁ ဘီလီယံ)နှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် **စာမျက်နှာ ၂၂ ကော်လံ ၁ ▼**



တရားခံ ဇင်မျိုးအောင်(ခ) ဖိုးလ၊ မောင်သိန်း(ခ)ချစ်တီးနှင့် ချစ်မိုးဆန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ချင်းတွင်းမြစ်၊ ဧဝန်မြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **စာမျက်နှာ ၂၉ ကော်လံ ၄ ●**

## ချန်ပီယံရှောဝတီအသင်း မြဝတီအသင်းကိုအနိုင်ယူ



**ရန်ကုန် ဇူလိုင် ၁၄**

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)၏ ဒုတိယနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် ရှောဝတီအသင်းနှင့် မြဝတီအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားရာ ချန်ပီယံရှောဝတီအသင်းက မြဝတီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရှောဝတီအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်(၄)တွင် ဖွဲ့ကပင်အသင်းကိုအနိုင်ရရှိထားပြီး **စာမျက်နှာ ၂၂ ကော်လံ ၂ ■**

## (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

စာ - ၁၀ သို့

## နိုင်ငံတကာသတင်း

စာ - ၂၃ သို့

**အမေရိကန်က အီရန်ကို ရေတပ်ပိတ်ဆို့မှုလုပ်၊ ကမ္ဘာ့ရေနံဈေးနှုန်းများ ၉ ရာခိုင်နှုန်းကျော်မြင့်တက်လာ**

**ဘင်္ဂလားဒေ့ရှ်၌ ရေကြီးမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှုများမြင့်တက်လာ**



**ဘာဗီမုန်တိုင်းကြောင့် လျောင်နင်ပြည်နယ်၌ လူ ၂၆၀၀၀၀ ကျော်ကို ဘေးကင်းရာရွှေ့ပြောင်း**



**ကွန်ဂို၌ အီဘိုလာကူးစက်မှုက တရားဝင်ထုတ်ပြန်ချက်ထက် လေးဆခန့် ပိုမိုများပြားနိုင်ဟု WHO ပြော**